# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၉) ရက် ၊ အင်္ဂါနေ့ ၊ (18-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၇၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်မည်

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘားအံမြို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Precision Auto Engineering Co.,Ltd အတွင်း သုံးဘီးမော်တော်ယာဉ်များ၊ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်လုပ်ရပ်အန္တရာယ် ဝိုင်းဝန်းကာကွယ်

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြရာတွင် တည်ငြိမ်အေးချမ်းမှုရရှိရန်မှာ အခြေခံကျသောအကြောင်းရင်းဖြစ်သည်။ နိုင်ငံတည်ငြိမ်မှုရှိရန်နှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရန်မှာ နိုင်ငံသားအားလုံး၏ လိုအင်ဆန္ဒဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာမှုရှိပြီး နိုင်ငံတည်ငြိမ်မှုရှိနေပါမှ ပြည်သူတစ်ရပ်လုံး အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို စိတ်ချလက်ချလုပ်ဆောင်နိုင်ကြမည်ဖြစ်သလို ပြည်သူတို့ မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ဆောင်နိုင်ကြပါမှ နိုင်ငံ၏ လူမှုစီးပွားဘဝများ တစ်စတစ်စ ရုပ်လုံးပေါ်ကာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ယခုအခါ သီတင်းကျွတ်ကာလဖြစ်ပြီး ပြည်တွင်းခရီးသွားများ အသွားအလာများပြားကာ ဘုရားများ၊ စေတီပုထိုးများ၊ အပန်းဖြေနေရာများသို့ အလည်အပတ်သွားရောက်မှုတို့ စည်ကားသက်ဝင်နေသောအချိန်ဖြစ်ပေသည်။ လွတ်လပ်အေးချမ်းစွာ သွားလာနေကြသော ခရီးသွားပြည်သူတို့၏ ကြည်လင်နေသောစိတ်သဏ္ဌာန်ကို နောက်ကျိညစ်ညူးစေသည့် ထိတ်လန့်ဖွယ်ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

ပြည်တွင်း၌ ခရီးသွားများပုံမှန်သွားလာလျက်ရှိနေကြပြီဖြစ်သည်ကို မလိုလားမရှုဆိတ်ဘဲ အဖျက်အမှောင့်လုပ်ဆောင်လိုသည့် KNLA တပ်မဟာ(၁)၊ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်စွာဘုရား ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို လက်နက်ကြီး၊ လက်နယ်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ဘုရားဖူးပြည်သူသုံးဦးသေဆုံးခဲ့ပြီး ၁၉ ဦးထိခိုက်ဒဏ်ရာရခဲ့သည်ကို ဝမ်းနည်းဖွယ်ကြားသိရသည်။

အဆိုပါဖြစ်စဉ်ကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကြသည့် ဘာသာမဲ့အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာမှုလုပ်ရပ်ကို လုံခြုံရေးကင်မရာမှတ်တမ်းများက ဖမ်းယူရရှိထားပြီး အထောက်အထားများအရ ယုတ်မာရက်စက်သည့် အကြောင်းမဲ့အကြမ်းဖက်သူများဖြစ်သည့် KNLA တပ်မဟာ(၁) နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့်သာ ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါသတင်းအပေါ် မျက်ကွယ်ပြုလျက် မြန်မာနိုင်ငံအပေါ် အဆိုးမြင်ဝါဒီများ၏ လက်ကိုင်တုတ်များဖြစ်သည့် ပြောင်လိမ်ပြောင်စား ပြည်ဖျက်သတင်းမီဒီယာများ၏ မြန်မာပိုင်းအစီအစဉ်တို့မှ အမိပ္ပာယ်မဲ့စွာအောက်လုံးများဖြင့် သတင်းအမှားအလိမ်အညာများထုတ်ပြန်ခဲ့သလို သတင်းမီဒီယာကျင့်ဝတ်ကိုလည်း အရှက်တရားကင်းမဲ့စွာ ချိုးဖောက်ခဲ့ကြသည်ကို တွေ့ရသည်။

ပြည်သူတို့၏ အကျိုးစီးပွားနှင့် အသက်အိုးအိမ်စည်းစိမ်ကို အစဉ်အမြဲကာကွယ်ပေးနေသည့် နိုင်ငံတော်အစိုးရဆောင်ရွက်ချက်များနှင့် ဖီလာဆန့်ကျင်လျက် ပြည်သူတို့၏အသက်ကိုပင် ရက်ရက်စက်စက်ရန်ရှာသတ်ဖြတ်လာသည့် အကြမ်းဖက်သမားများ၏ဇာတိရုပ်အသွင်သဏ္ဌာန်မှာ ဖုံးကွယ်ထား၍မရနိုင်တော့အောင် ပေါ်လွင်လာနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းရွက်ဆောင်နေသည့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို နှောင့်ယှက်ဖျက်ဆီးခဲ့သည့် အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကို ပြည်သူတို့က အော့နှလုံးနာကာ ရွံမုန်းလာကြပြီဖြစ်သည်။

သို့ဖြစ်ပေရာ စစ်ရေးနှင့်မသက်ဆိုင်သည့် သာသနာ့နယ်မြေမှ ဘုရားဖူးပြည်သူများအပေါ် အကြမ်းဖက်သမားများက ရက်စက်ယုတ်မာစွာပစ်ခတ်သတ်ဖြတ်မှုကို မည်သို့မျှလက်မခံနိုင်ကြောင်း၊ အကြမ်းဖက်သမားများနှင့် ၎င်းတို့၏လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ကသာဘက်သို့ ပြောင်းသီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘော များပြားလာ



**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ကသာဘက်သို့ ပြောင်းသီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေး မရမ်းခြံဆိပ်ကမ်းမှာ ခရီးသည်အပြင် ကုန်စည်တင်ပို့မှုအားကောင်းသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ပြောင်းကို ကြက်စာစက်ရုံများကမှာယူမှုများလာသောကြောင့် မရမ်းခြံဆိပ်ကမ်းမှ ကသာဘက်သို့ ပြောင်းသီးသန့်တင်ပို့သည့်ကုန်တင်သင်္ဘော များပြားလာကြောင်း သိရသည်။

"အခု မရမ်းခြံဆိပ်ကမ်းကနေ ကသာဘက်ကို ပြောင်းတင်ပို့မှုက တော်တော်လေးမြန်များလာတယ်။ ပြောင်းက ကြက်စာလုပ်ငန်းတွေမှာ အသုံးပြုမှုများလာတယ်။ ဆန်၊ ဆီနဲ့ အခြားကုန်စည်တွေတင်ပို့မှုကတော့ အနည်းငယ်လောက်ပဲရှိတယ်။ အခြားလူသုံးကုန်ပစ္စည်းတွေတင်ပို့နေတဲ့သင်္ဘောတွေလဲ အနည်းအကျဉ်းတော့ရှိပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မရမ်းခြံဆိပ်ကမ်းမှ ကသာဘက်သို့ အောက်တိုဘာလ ပထမပတ်က ပြောင်းသီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောမှာ တစ်ရက်လျှင် ၁၅ စီးသာရှိခဲ့သော်လည်း အောက်တိုဘာလ ဒုတိယပတ်မှစ၍ ပြောင်းသီးသန့်တင်ပို့သည့် ကုန်တင်သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၄၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ သပိတ်ကျင်း၊ ဗန်းမော်စသည့်မြို့များသို့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အပါအဝင် အဝတ်အထည်နှင့်အထည်အလိပ်တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၁၅၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လာ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲကြီးအမျိုးအစားများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ပဲကြီးမှာ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်သာရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲကြီးအမျိုးအစားများကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်ခဲ့ကြောင်း သိရသည်။

"မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာ ၁၀ ရက်ပေါက်ဈေးအရ ကုလားပဲ(V2)သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၈၈၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၉၅၀၀၀၊ ပဲကြီးသုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၃၀၀၀၀ သာ ပေါက်ဈေးရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀၊ ကုလားပဲ(V7)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးမှာ ပဲလွန်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ ပဲလွန်းဖြာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# ပြည်တွင်းဈေးကွက်၌ ဟက်(စ်)မျိုးထောပတ်သီးများ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကောင်းရရှိနေ

**ပြင်ဦးလွင် အောက်တိုဘာ ၁၇**

ယခုလအတွင်း ထွက်ရှိလာသည့် ဟက်(စ်)မျိုးထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ အဓိကတင်ပို့ဖြန့်ဖြူးရောင်းချနေရာတွင် အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြ၍ သိရသည်။

အဆိုပါ ဟက်(စ်)မျိုးထောပတ်သီးများကို တောင်ကြီး၊ ရပ်စောက်၊ ဟိုပုန်း၊ ညောင်ရွှေနှင့် အင်းလေးဒေသတို့မှ ယခုလမှစ၍ ထွက်ရှိနေပြီး ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိကြောင်း၊ လက်ရှိ ပြည်တွင်းဈေးကွက်၌ ရောင်းချနေရာတွင် တစ်ကီလိုလျှင် လက်ကားဈေးငွေကျပ် ၆၀၀၀ မှ ၇၀၀၀ ဈေးတို့ဖြင့် ရောင်းချပေးကြောင်း၊ ဟက်(စ်) ထောပတ်မျိုးများကို လူကြိုက်များပြီး ဝယ်ယူစားသုံးမှု များနေခြင်းကြောင့် အရောင်းအဝယ်များ ကောင်းနေကြောင်း သိရသည်။

"အရောင်းအဝယ်ကတော့ ပြည်တွင်းဈေးကွက်ထဲကိုပဲ ရောင်းချနေပါတယ်။ အခုက တောင်ကြီး၊ ရပ်စောက်၊ ဟိုပုန်းဘက်ကနေ ဟက်(စ်) ထောပတ်တွေ အနည်းငယ်ပေါ်နေပါပြီ။ အများကြီး မထွက်သေးပါဘူး။ စပေါ်ချိန်မှာတော့ ဈေးကောင်းရရှိနေပါတယ်။ အခုအချိန်ကာလဟာ ဝယ်ယူမှုတွေကျဆင်းနေတာကြောင့် စားသုံးသူတွေကို သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးနေတာပါ။ ဒီနှစ်က အသီးထွက်တာလဲ စောပါတယ်။ ဒါပေမဲ့ လူကြိုက်များပြီး ဝယ်ယူစားသုံးသူတွေများနေတာကြောင့် ဈေးကောင်းရပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်" ဟု မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြသည်။

ဟက်(စ်)မျိုး ထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနေရာတွင် ရန်ကုန်ဈေးကွက်၊ မန္တလေးဈေးကွက်၊ မူဆယ်ဈေးကွက်၊ လားရှိုးဈေးကွက်နှင့် မုံရွာဈေးကွက်များသို့ အနည်းငယ်တင်ပို့ရောင်းချခြင်းများလည်း ရှိကြောင်း၊ အခြားဈေးကွက်များကလည်း ကမ်းလှမ်းမှုများရှိလာပါက တင်ပို့ရောင်းချပေးကြောင်း၊ အဆိုပါ ထောပတ်သီးများကို Online စနစ်ဖြင့်လည်း မြန်မာနိုင်ငံအနှံ့အပြားသို့ ရောင်းချပေးလျက်ရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အနှစ် ၂၀ စီမံကိန်းကာလ၏မြန်မာ့စက်မှုလုပ်ငန်းများ (အပိုင်း-၁၂)

ပါမောက္ခကိုကိုအောင်




**အနှစ် ၂၀ စီးပွားရေးစီမံကိန်းကာလအတွင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း(ယခင် ဘားလမ်း)ကို တွေ့ရစဉ်။**

စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်းလက်အောက်ရှိ ဘီယာစက်ရုံတွင်လည်း တီထွင်ကြံဆမှုများကို ၁၉၇၉-၁၉၈၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့သည်။ ယခင်က စွန့်ပစ်ပစ္စည်းဖြစ်ခဲ့သော ဘီယာစိမ်ရည်ဖောက်ရာမှ ရရှိသည့်ဘေးထွက်ပစ္စည်းတဆေးများကို အခြောက်ခံလျှင် တိရစ္ဆာန်များအတွက် ဖြည့်စွက်အစာအဖြစ် အသုံးပြုနိုင်သဖြင့် တဆေးအခြောက်ခံစက်ကိုတီထွင်ကာ စွန့်ပစ်ပစ္စည်းမှ ဝင်ငွေရရှိစေခဲ့သည်။ ထို့ပြင် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းပြီး လွယ်ကူလျင်မြန်စေရေးအတွက် ကောင်းကင်ဝန်ချီစက်တစ်လုံးကိုလည်း တီထွင်ပေးခဲ့သည်။ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကုန်ပစ္စည်းအရည်အသွေး ကောင်းမွန်တိုးတက်ရေးတို့ကို အထောက်အကူပြုသည့် စပျစ်သီးအညှာချွေစက်ကိုလည်း ဘီယာစက်ရုံက တီထွင်အသုံးပြုခဲ့သည်။ ထိုအညှာချွေစက်က တစ်မိနစ်လျှင် စပျစ်သီးပိဿာချိန် ၅၀၀ ခန့်ကို အညှာချွေပေးနိုင်သဖြင့် အချိန်ကုန်သက်သာလွယ်ကူစေသည့်အပြင် စက်ရုံလုပ်သားများ၏ တီထွင်မှုဖြစ်သည့်အတွက် နိုင်ငံခြားသုံးငွေကျပ် ၁၀၀၀၀ ခန့်ထိ သက်သာစေခဲ့သည်။ ၁၉၈၀-၁၉၈၁ ခုနှစ်တွင် တင်လဲရည်နှင့်ရေ ရောစပ်စက်ကို စက်ရုံရှိ စက်ပစ္စည်းအဟောင်းများဖြင့်ပင် တီထွင်ထုတ်လုပ်ခဲ့သည်။ ဘာလီသန့်စင်စက်ကိုလည်း တီထွင်ထုတ်လုပ်နိုင်သဖြင့် အလုပ်ချိန် ရှစ်နာရီအတွင်း သန့်စင်ပြီးဘာလီတင်း ၁၄၀ ရရှိသဖြင့် ကုန်ထုတ်စွမ်းအားမြင့်မားရေးကို အထောက်အကူဖြစ်စေခဲ့သည်။

စက်မှုသုံးဆီစက်ရုံကလည်း ကုန်ထုတ်အရည်အသွေးတိုးမြှင့်ရေးဦးတည်ချက်ဖြင့် သုတေသနနှင့်တီထွင်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ၌ ရော်ဘာလုပ်ငန်းသုံး စတီးယားရစ်အက်စစ်အဆင့်မှ အလှကုန်လုပ်ငန်းသုံး စတီးယားရစ်အက်စစ်အဆင့်သို့ အောင်မြင်စွာ ပြောင်းလဲထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထိုကဲ့သို့ပြုပြင်ထုတ်လုပ်သော စတီးယားရစ်အက်စစ်ကို ဘားမားစနိုးထုတ်လုပ်ရာတွင် ပြင်ပကုန်ကြမ်းအစားအသုံးပြုနိုင်ကြောင်း တွေ့ရှိရသဖြင့် ဆေးဝါးကုန်ကြမ်းစက်ရုံက ၁၉၈၅-၁၉၈၆ ခုနှစ်မှစတင်၍ အမြောက်အမြားထုတ်လုပ်ပေးခဲ့သည်။ ဆီသန့်စက်ရုံမှလည်း ပီပါခွံများ သန့်စင်ဆေးကြောသည့်စက်ကို ၁၉၇၉ ခုနှစ်တွင် သုတေသနပြုလုပ်ကာတီထွင်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ယခင်က မထုတ်လုပ်ခဲ့ဖူးသေးသော ပစ္စည်းဖြစ်သည့် မုန့်လုပ်ငန်းသုံးဆီခဲကိုလည်း ၁၉၈၄ ခုနှစ်တွင် အောင်မြင်စွာ တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ကော်ပိုရေးရှင်းအသီးသီး၏ စက်ရုံများက မိမိတို့စက်ရုံအတွင်း အသုံးပြုရန် စက်နှင့် စက်ကိရိယာများကို တီထွင်အသုံးပြုခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းမကျဆင်းအောင်လည်း ကြိုးပမ်းခဲ့ကြသည်။ ထို့အတူ အခြားစက်ရုံများနှင့် ဌာနများတွင် လိုအပ်သော စက်နှင့် စက်ပစ္စည်းကိရိယာများကိုပါ တီထွင်ထုတ်လုပ်ပေးခြင်းဖြင့်လည်း ကုန်ထုတ်လုပ်မှုကို တိုးတက်စေခဲ့သည်။ ပြည်ပမှ မှာယူတင်သွင်းရခြင်းကို အစားထိုးနိုင်သဖြင့် နိုင်ငံခြားသုံးငွေ သုံးစွဲရမှုကို သက်သာစေခဲ့သလို ကုန်ပစ္စည်းများ၏ အရည်အသွေးအဆင့်အတန်းကိုလည်း မြင့်မားစေခဲ့သည်။ ထိုကဲ့သို့ အခြားစက်ရုံများနှင့်ဌာနများ၌ အသုံးပြုနိုင်ရန် လိုအပ်သောကုန်ပစ္စည်းများကို တီထွင်ထုတ်လုပ်ပေးသည့် စက်ရုံများထဲတွင် ပန်းကန်စက်ရုံအမှတ်(၁) (မော်လမြိုင်)ကလည်း ပါဝင်ခဲ့သည်။

ပန်းကန်စက်ရုံအမှတ်(၁) (မော်လမြိုင်)သည် အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းမှထုတ်လုပ်သော လျှပ်စစ်မီးဖိုများတွင် တပ်ဆင်အသုံးပြုရန် မီးခံပြားများကို ၁၉၇၅-၁၉၇၆ ခုနှစ်မှစ၍ တီထွင်ထုတ်လုပ်ပေးခဲ့သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ အခြားကော်ပိုရေးရှင်းနှင့် ဌာနများအတွက် လိုအပ်သော Low Tension Insulator များကို စမ်းသပ်တီထွင်ထုတ်လုပ်ပေးခဲ့သည်။ ထို့ပြင် သန်လျင်ဖန်ချက်စက်ရုံအတွက် လိုအပ်သော High Tension Insulator များကိုလည်း စမ်းသပ်တီထွင်ထုတ်လုပ်ပေးခဲ့ရာ 11 KVA ထိ ခံနိုင်ရည်ရှိသော Insulator များကို ထုတ်လုပ်နိုင်ခဲ့သည်။ စက်မှုသုံးကြွေထည်ပစ္စည်းအမျိုးမျိုးကိုလည်း လိုအပ်သည့် အရည်အသွေးနှင့် အရွယ်အစားအတိုင်း စမ်းသပ်တီထွင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပသွင်းကုန်ကို အစားထိုးနိုင်သည့်အပြင် ကုန်ပစ္စည်း ထုတ်လုပ်စွမ်းအားကိုလည်း တိုးမြှင့်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်ကို လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ်မှ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုနိုင်ငံအဖြစ်သို့ တိုးတက်ပြောင်းလဲရန် နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် ဦးတည်ကြိုးပမ်းရာ၌ စက်မှုလက်မှုအခန်းကဏ္ဍက အလွန်ပင်အရေးပါခဲ့သည်။ စက်မှုကုန်ထုတ်စွမ်းအားကို လျာထားသတ်မှတ်ချက်ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းရာ၌ စက်ရုံအသစ်များ တည်ဆောက်ခြင်း၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခြင်း၊ စက်စွမ်းအားမကျဆင်းစေရန် ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တပ်ဆင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ သုတေသနပြုလုပ်ခြင်းတို့ကိုသာမက ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် အဓိကနေရာကပါဝင်နေသော လုပ်သားများနှင့် ပတ်သက်သည်တို့ကိုလည်း အလေးထားဆောင်ရွက်ခဲ့သည်။

အလုပ်သမားတို့၏ လုပ်ငန်းခွင်သာယာရေးနှင့် လုပ်ငန်း၌ စိတ်ပါဝင်စားမှုရှိစေရေးတို့သည် စက်မှုလက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးတွင် အရေးကြီးသည်ဖြစ်ရာ လူထုလူတန်းစားအဖွဲ့အစည်းများက ထိုကိစ္စကိုစည်းရုံးရေးနည်းလမ်းများဖြင့် ကူညီကာ အကောင်အထည်ဖော်ပေးခဲ့ကြသည်။ စက်ရုံအလုပ်ရုံများတွင် ရုပ်ပိုင်းဆိုင်ရာဆွဲဆောင်မှုစနစ်ကို ကျင့်သုံးကာ လုပ်ငန်းခွင်အတွင်း လုပ်သားများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်စေခဲ့သည်။ ဆုပေးဒဏ်ပေးစနစ်ဖြင့် တာဝန်ကျေပွန်သူ အလုပ်သမားများကို ထိုက်သင့်သော ချီးမြှင့်မှုများ ပြုလုပ်ပေးရန်နှင့် တာဝန်မကျေပွန်သူများကိုလည်း ပြတ်ပြတ်သားသား အရေးယူမှုများပြုလုပ်ရန် မူဝါဒချမှတ်ထားခဲ့သည်။ ပြည်သူပိုင်ပစ္စည်းများကို အလွဲသုံးစားမပြုလုပ်နိုင်အောင် ကြိုတင်ကာကွယ်ထားပြီး အလွဲသုံးစားပြုသူများကို ဥပဒေအရ ထိရောက်စွာအပြစ်ပေးရန်လည်း ချမှတ်ထားခဲ့သည်။ စက်ရုံအလုပ်ရုံအတွင်း အလေအလွင့်မရှိစေရေး၊ စက်နှင့် စက်ကိရိယာများ အပျက်အစီး နည်းနိုင်သမျှနည်းပါးအောင် ထိန်းသိမ်းကိုင်တွယ်စောင့်ရှောက်ရေးတို့အတွက်လည်း စီစဉ်ဆောင်ရွက်ခဲ့သည်။

ပြည်သူပိုင် စက်ရုံအလုပ်ရုံများတွင် ကုန်ထုတ်စွမ်းအားတိုးတက်စေရန်အတွက် အလေအလွင့်အပျက်အစီးနည်းနိုင်သမျှနည်းစေရန်၊ လုပ်ငန်းခွင်တွင် စိတ်ပါဝင်စားမှုရှိစေရန်နှင့် စက်ရုံအလုပ်ရုံများအတွင်း အလုပ်သမားအချင်းချင်း လုပ်အားယှဉ်ပြိုင်မှု စိတ်ဓာတ်များ ပေါ်ပေါက်လာအောင် ရုပ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုများကိုလည်း ပြုလုပ်ပေးခဲ့သည်။ အလုပ်

> ❖ ပြည်သူပိုင် စက်ရုံအလုပ်ရုံများတွင် ကုန်ထုတ်စွမ်းအားတိုးတက်စေရန်အတွက် အလေအလွင့်အပျက်အစီး နည်းနိုင်သမျှနည်းစေရန်၊ လုပ်ငန်းခွင်တွင် စိတ်ပါဝင်စားမှုရှိစေရန်နှင့် စက်ရုံအလုပ်ရုံများအတွင်း အလုပ်သမားအချင်းချင်း လုပ်အားယှဉ်ပြိုင်မှု စိတ်ဓာတ်များ ပေါ်ပေါက်လာအောင် ရုပ်ပိုင်းဆိုင်ရာဆွဲဆောင်မှုများကိုလည်း ပြုလုပ်ပေးခဲ့သည်။ အလုပ်သမားများ စိတ်အားတက်ကြွစွာလုပ်အားပေးကြခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေမည့် လုပ်အားယှဉ်ပြိုင်မှုကို အလုပ်သမားဝန်ကြီးဌာနက ၁၉၆၄-၁၉၆၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ ❖

သမားများ စိတ်အားတက်ကြွစွာ လုပ်အားပေးကြခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေမည့် လုပ်အားယှဉ်ပြိုင်မှုကို အလုပ်သမားဝန်ကြီးဌာနက ၁၉၆၄-၁၉၆၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးခြင်း၊ စံပြလုပ်သား ရွေးချယ်ချီးမြှင့်ခြင်း၊ စံပြစက်ရုံအဖြစ် ရွေးချယ်ချီးမြှင့်ခြင်းများဖြင့်လည်း ပြည်သူပိုင်စက်ရုံအလုပ်ရုံများတွင် စက်မှုကုန်ထုတ်စွမ်းအား တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

ကုန်ထုတ်စွမ်းအား မြင့်မားလာစေရေးတွင် အလုပ်သမားများစိတ်ပါဝင်စားစွာ တာဝန်ထမ်းဆောင်ကြခြင်းက အရေးကြီးသည့်အားလျော်စွာ အလုပ်သမား၏ စွမ်းဆောင်ရည်နှင့်အညီ အကျိုးခံစားခွင့်ရရှိစေရန် စက်ရုံအလုပ်ရုံများအနေဖြင့်လည်းကောင်း၊ အလုပ်သမားတစ်ဦးချင်းအနေဖြင့်လည်းကောင်း ဆုပေးခြင်းနှင့် ချီးမြှင့်ခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့သည်။ စီမံကိန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေများအရ စက်မှုလုပ်ငန်းကော်ပိုရေးရှင်းများသည် ဆုကြေးငွေများကို ခံစားခွင့်ရခဲ့ကြသည်။ အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ အချို့သော ကော်ပိုရေးရှင်းများအနေဖြင့် ၁၉၇၅-၁၉၇၆ ခုနှစ်မှ စတင်၍ ဆုကြေးများကိုရရှိခဲ့ကြသည်။ ၁၉၇၅-၁၉၇၆ ခုနှစ်တွင် ဆုကြေးရရှိသောကော်ပိုရေးရှင်းများမှာ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်းနှင့် ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းတို့ဖြစ်ကြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနတစ်ခုလုံး၏ ၁၉၇၅-၁၉၇၆ ခုနှစ်မှ ၁၉၈၄-၁၉၈၅ ခုနှစ်ထိရရှိသော စုစုပေါင်းဆုကြေးငွေမှာ ငွေကျပ် ၂၀၅၉၉၆ ဖြစ်သည်။ ၎င်းဆုကြေးငွေများအနက် အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်းကရရှိသော ဆုကြေးငွေမှာ ငွေကျပ် ၁၀၈၂၆၄ ဖြင့် အများဆုံးဖြစ်ခဲ့ပြီး စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် ၅၀၃၂၇၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းက ငွေကျပ် ၂၁၇၂၁၊ သတ္တုပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းက ငွေကျပ် ၁၆၈၂၁၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် ၁၉၃၆၊ အထွေထွေစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းက ငွေကျပ် ၄၄၅၉၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်းက ငွေကျပ် ၂၄၆၈ အသီးသီးရရှိခဲ့ကြသည်။

ဆုကြေးရရှိသော ကော်ပိုရေးရှင်းများသည် စက်ရုံတစ်ရုံချင်းအလိုက် ခွဲဝေရရှိသော ဆုကြေးများကို စက်ရုံဝန်ထမ်းများအား သတ်မှတ်ချက်များနှင့်အညီ ခွဲဝေပေးခဲ့သည်။ စီမံကိန်းလျာထားချက် ရာခိုင်နှုန်းပြည့်အောင်မြင်ခြင်း၊ ကုန်ကျစရိတ်နှင့်ဝင်ငွေ အချိုးကိုက်ညီခြင်း၊ လျာထားချက်အတွင်း ကုန်ကျစရိတ်လျော့နည်းအောင် ဆောင်ရွက်နိုင်ခြင်းတို့အတွက် ဆုကြေးခွဲဝေရာ၌ အလေးပေးအဆသုံးဆထိ ရရှိခဲ့ကြသည်။ ထို့ထက် အောင်မြင်မှုလျော့နည်းသည့် စက်ရုံအုပ်စုများကမူ အလေးပေးနှစ်ဆ သို့မဟုတ် တစ်ဆ အသီးသီးရရှိခဲ့ကြသည်။ ၁၉၇၇ ခုနှစ်မှစ၍ ဆုကြေးများကို စံနှုန်းစနစ်အခြေခံသည့် ဆွဲဆောင်မှုစနစ်ဖြင့်လည်း ချီးမြှင့်ထုတ်ပေးခဲ့ရာ ဆွဲဆောင်မှုအမျိုးမျိုးတို့ဖြင့် စက်မှုကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်အောင် စီစဉ်လုပ်ဆောင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

# နိုင်ငံတကာ သတင်းများ

## မက္ကဆီကိုနိုင်ငံ အရက်ဆိုင်တစ်ဆိုင်၌ သေနတ်ပစ်ခတ်မှုကြောင့် လူ ၁၂ ဦး သေဆုံး

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၇**

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း အိုင်ရာပွာတိုမြို့၌ အောက်တိုဘာ ၁၅ ရက်ညပိုင်းက အရက်ဆိုင်တစ်ဆိုင်အတွင်း အမည်မသိ သေနတ်သမားများ၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး ခြောက်ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် အိုင်ရာပွာတိုမြို့တည်ရှိရာ ဂွာနာဂျူအာတိုပြည်နယ်၌တစ်လမပြည့်မီကာလအတွင်း ဒုတိယမြောက်ဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်သည်။

လက်ရှိအချိန်တွင် မက္ကဆီကိုလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပစ်ခတ်မှုကျူးလွန်သူများကို ခြေရာခံဖမ်းဆီးရန် ကြိုးပမ်းနေသည်။

အိုင်ယာပွာတိုမြို့ သေနတ်ပစ်ခတ်မှုဖြစ်စဉ်၏ နောက်ကွယ်အကြောင်းအရင်းကို မသိရသေးကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဂွာနာဂျူအာတိုပြည်နယ်သည် ကုန်ထုတ်လုပ်မှု ဗဟိုချက်နယ်မြေဖြစ်သလို ကမ္ဘာ့ထိပ်တန်းကားကုမ္ပဏီများ၏စက်ရုံများ တည်ရှိရာနေရာဖြစ်သည်။

သို့ရာတွင် အဆိုပါပြည်နယ်သည် ပြီးခဲ့သည့်နှစ်များအတွင်း ပြိုင်ဘက် မူးယစ်ဂိုဏ်းများကြားနယ်မြေလုတိုက်ပွဲများဖြစ်ပွားမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

KKO

## တရုတ်ကွန်မြူနစ်ပါတီ အကြိမ်(၂၀) မြောက်ညီလာခံမတိုင်မီ သမ္မတ ရှီကျင့်ဖျင်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံ ပေးစာတစ်စောင် ပေးပို့



**ပြုံယမ်း အောက်တိုဘာ ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက်ညီလာခံမတိုင်မီ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံ ပေးစာတစ်စောင် ပေးပို့ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် ကွန်ဂရက်အတွက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ကပေးပို့ခဲ့သည့် ဂုဏ်ပြုသဝဏ်လွှာကို တုံ့ပြန်သည့်အနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြန်စာပေးပို့ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် မြောက်ကိုရီးယားတို့ကြားထိတွေ့ဆက်ဆံမှု၊ သွေးစည်းညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရေးသည် ပို၍အရေးကြီးသည့်ကိစ္စ ဖြစ်လာကြောင်း သမ္မတ ရှီကျင့်ဖျင်၏ ပေးစာ၌ ဖော်ပြထားသည်။

ထို့ပြင် တရုတ်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာစေရန်လည်း ဆန္ဒရှိကြောင်း ကင်ဂျုံအန်သို့ပေးပို့ခဲ့သည့်ပေးစာ၌ ဖော်ပြထားသည်။

တရုတ် ကွန်မြူနစ်ပါတီသည် အကြိမ် (၂၀)မြောက် ပါတီညီလာခံကို ပေကျင်းမြို့ပြည်သူ့မဟာခန်းမဆောင်၌ အောက်တိုဘာ ၁၆ ရက်မှစ၍ ကျင်းပနေပြီဖြစ်သည်။

အဆိုပါညီလာခံတွင် လက်ရှိသမ္မတရှီကျင့်ဖျင်သည် သမ္မတရာထူးတတိယသက်တမ်းကို ဆက်ယူနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

KKO

## ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ်ကိုဖယ်ရှားရန် ကွန်ဆာဗေးတစ်လွှတ်တော်အမတ်များ ကြိုးပမ်းမည်

**လန်ဒန် အောက်တိုဘာ ၁၇**

လက်ရှိ ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ်ကို ရာထူးမှဖယ်ရှားရေးအတွက် ဗြိတိန်လွှတ်တော်အမတ်များက ယခုရက်သတ္တပတ်အတွင်း ကြိုးပမ်းမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

ဗြိတိန်ပြည်တွင်းမီဒီယာများ၏ အဆိုအရ လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီမှ လွှတ်တော်အမတ်ဦးရေ ၁၁၀ ကျော်တို့သည် ဝန်ကြီးချုပ်၏ဦးဆောင်မှုအပေါ် အယုံအကြည်မရှိကြောင်း အဆိုကို ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်ရွေးချယ်ရေးကော်မတီအကြီးအကဲထံ ယခုရက်သတ္တပတ်အတွင်း တင်သွင်းမည်ဖြစ်သည်။

သို့သော် လွှတ်တော်အမတ်များ၏ ဝန်ကြီးချုပ်ဦးဆောင်မှုအပေါ် အယုံအကြည်မရှိကြောင်း အဆိုကို ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်ရွေးချယ်ရေးကော်မတီ အကြီးအကဲ ဂရေဟမ်ဘရက်ဒီက ငြင်းပယ်ဖွယ်ရှိသည်။

ဗြိတိန်ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ်သည် ပြီးခဲ့သည့်လကမှ ဝန်ကြီးချုပ်ရာထူးရရှိခဲ့သော်လည်း စီးပွားရေးမူဝါဒပြဿနာများကြောင့်နိုင်ငံရေးအရ ရှုပ်သန်ရန် ရုန်းကန်နေရကြောင်း သိရသည်။

ဝန်ကြီးချုပ် လစ်ဇ်ထရပ်စ်ကို ဖယ်ရှားခဲ့ပါက အထွေထွေရွေးကောက်ပွဲထပ်မံကျင်းပရနိုင်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက သတိပေးထားသည်။

အဆိုပါနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့်လက်တွဲဖြုတ်ခဲ့ပြီးနောက်ပိုင်း ဝန်ကြီးချုပ် သုံးဦးထိ အပြောင်းအလဲရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

KKO



## အိန္ဒိယနိုင်ငံ၏ ကွန်ဂရက်ပါတီ ခေါင်းဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သည့် ကွန်ဂရက်ပါတီသည် ယနေ့တွင် ပါတီခေါင်းဆောင်သစ်မဲခွဲရွေးချယ်ပွဲကို ကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါပါတီ ခေါင်းဆောင် ရွေးချယ်ပွဲတွင် ကွန်ဂရက်ပါတီကို အစဉ်အဆက် လွှမ်းမိုးခဲ့သည့် နေရူး-ဂန္ဒီ မိသားစုဝင်များပါဝင်ယှဉ်ပြိုင်မှုမရှိခဲ့ကြောင်း သိရသည်။

နေရူး-ဂန္ဒီ မိသားစုဝင်တစ်ဦးဖြစ်သည့် လက်ရှိ ကွန်ဂရက်ပါတီ ယာယီဥက္ကဋ္ဌ ဆိုနီယာဂန္ဒီသည်လည်း ခေါင်းဆောင်သစ်ရွေးချယ်ပွဲ၌ ပါဝင်မဲပေးခဲ့သော ပါတီကိုယ်စားလှယ်ဦးရေ ၉၀၀၀ကျော်ထဲတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

ကွန်ဂရက်ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲတွင် နေရူး- ဂန္ဒီ မိသားစုဝင် မဟုတ်သော်လည်း ယင်းမိသားစုအပေါ် သစ္စာထားသည့် ဝါရင့်ပါတီခေါင်းဆောင် မယ်လ်လီကာဂျန်ခါဂျီး အနိုင်ရနိုင်ကြောင်း သိရသည်။

ပါတီဥက္ကဋ္ဌမဲခွဲရွေးချယ်ပွဲ နောက်ဆုံးရလဒ်များကို အောက်တိုဘာ ၁၉ ရက်တွင် ကွန်ဂရက်ပါတီက ကြေညာဖွယ်ရှိသည်။

သက်တမ်း ၁၃၇ နှစ်ရှိပြီဖြစ်သော ကွန်ဂရက်ပါတီသည် အိန္ဒိယနိုင်ငံရေးလောကကို နှစ်ပေါင်းများစွာ လွှမ်းမိုးခဲ့သော်လည်း ပြီးခဲ့သည့် အမျိုးသားရွေးကောက်ပွဲ နှစ်ခု၌ လက်ရှိအာဏာရဘာရာတီယာဂျနေတာပါတီကို ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

KKO




## ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ယာဆူကူနီဂူဗိမာန်သို့ လှူဖွယ်ပစ္စည်းများ ပေးပို့

**တိုကျို အောက်တိုဘာ ၁၇**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် တိုကျိုမြို့ရှိ အငြင်းပွားဖွယ် ယာဆူကူနီဂူဗိမာန်သို့ ယနေ့တွင် လှူဖွယ်ပစ္စည်းများ ပေးပို့ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယာဆူကူနီဂူဗိမာန်သို့ လှူဖွယ်ပစ္စည်းများ ပေးပို့ခဲ့သော်လည်း လူကိုယ်တိုင်သွားရောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယာဆူကူနီဂူဗိမာန်ကို တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့က ဂျပန်၏ စစ်ဝါဒသင်္ကေတအဖြစ် ရှုမြင်ထားပြီး ယင်းဂူဗိမာန်သို့ ဂျပန်ခေါင်းဆောင်များ သွားရောက်မှုကို ပြင်းထန်စွာဝေဖန်လေ့ရှိကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ကိုယ်တိုင် ယာဆူကူနီဂူဗိမာန်သို့ သွားရောက်မှု မရှိခဲ့သော်လည်း အစိုးရအဖွဲ့ဝင်ဝန်ကြီး တစ်ဦးဖြစ်သည့် စီးပွားရေးဆိုင်ရာ လုံခြုံရေးဝန်ကြီး ဆာနာအိတာကာအိချိက ယင်းဂူဗိမာန်သို့ ယနေ့တွင် ကိုယ်တိုင် သွားရောက်ခဲ့ကြောင်း သိရသည်။

ယာဆူကူနီဂူဗိမာန်သည် စစ်ရာဇဝတ်မှုတရားခံများအပြင်စစ်ပွဲများအတွင်း သေဆုံးခဲ့ရသော ဂျပန်တပ်ဖွဲ့ဝင် ၂ ဒသမ ၅ သန်းခန့်အတွက် ရည်စူးတည်ဆောက်ထားသော ဂူဗိမာန်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ၂၀၁၃ ခုနှစ် ယာဆူကူနီခရီးစဉ်ကို တရုတ်နှင့် တောင်ကိုရီးယားတို့က ပြင်းထန်စွာ ဝေဖန်ခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ်များသည် ဝန်ကြီးချုပ်ရာထူးရယူထားချိန်အတွင်း ယာဆူကူနီဂူဗိမာန်သို့ လူကိုယ်တိုင် သွားရောက်မှုကို ရှောင်ရှားခဲ့ကြကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Crew-4 အာကာသယာဉ်မှူးလေးဦး ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့်Space-X ကုမ္ပဏီတို့၏ Crew-4 မစ်ရှင် အာကာသယာဉ်မှူးလေးဦးတို့သည် အောက်တိုဘာ ၁၅ ရက်က ကမ္ဘာမြေပေါ်သို့အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

Crew-4 အာကာသယာဉ်မှူးလေးဦးလိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီး စတင်ရေးအတွက် အောက်တိုဘာ ၁၄ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Crew-4 မစ်ရှင် အာကာသယာဉ်မှူးများဖြစ်ကြသည့် နာဆာအာကာသယာဉ်မှူး သုံးဦးနှင့် ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး တစ်ဦးတို့သည် နိုင်ငံတကာ အာကာသစခန်း၌ ရက်ပေါင်း ၁၇၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းပေါ်တွင် ရှိနေစဉ်အတွင်း အဆိုပါအာကာသယာဉ်မှူး လေးဦးသည် ကမ္ဘာကို အပတ်ရေ ၂၇၂၀ ထိ လှည့်ပတ်ခဲ့ရာ ခရီးအကွာအဝေးမိုင်ပေါင်း ၇၂၁၆၈၉၃၅ မိုင်ပျံသန်းမှုနှင့်ညီမျှခဲ့ကြောင်း သိရသည်။

Crew-4 မစ်ရှင်ကို ယခုနှစ် ဧပြီလတွင် Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## Paxlovid ဆေးကို အခြားဆေးဝါးများနှင့်တွဲသုံးပါက အန္တရာယ်ကြီးသည့် ဓာတ်တုံ့ပြန်မှုမျိုးရှိနိုင်

**နယူးယောက် အောက်တိုဘာ ၁၇**

Pfizer ကုမ္ပဏီ၏ ကိုဗစ်ကာကွယ်ဆေးဖြစ်သည့် Paxlovid ဆေးသည် အသုံးများသော အခြားဆေးဝါးများနှင့် အန္တရာယ်ကြီးသည့် အပြန်အလှန်ဓာတ်တုံ့ပြန်မှုမျိုးရှိနေနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

ရောဂါပြင်းထန်နိုင်ခြေ မြင့်မားသော ကိုဗစ်လူနာများကို ကုသရာတွင် Paxlovid ဆေး အရေးပေါ်အသုံးပြုခွင့်ကို အမေရိကန်တာဝန်ရှိသူများက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ခွင့်ပြုချက်ပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဆေးသည် စတာတင် (Statin) ကဲ့သို့ နှလုံးရောဂါ ကာကွယ်ဆေးများ၊ သွေးကျဲဆေးများနှင့် ထိတွေ့ဓာတ်ပြုချိန်တွင် ဆိုးရွားသည့်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရသိရသည်။

သွေးကျဲဆေးများ သောက်သုံးနေရချိန်တွင် Paxlovid ကို သောက်သုံးပါက သွေးကြောများအတွင်း သွေးခဲများပေါ်လာနိုင်ခြေမြင့်မားလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Paxlovid ကို နှလုံးအောင့်ပျောက်ဆေးများနှင့်တွဲသုံးပါက နှလုံးခုန်နှုန်းမမှန်မှုပြဿနာပေါ်လာနိုင်ပြီး စတာတင်ဆေးများနှင့်တွဲသုံးပါက အသည်းအဆိပ်သင့်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Pfizer ကုမ္ပဏီသည် သက်ကြီးပိုင်းများနှင့် ရောဂါနောက်ခံရှိသူများကဲ့သို့ ကိုဗစ်ရောဂါပြင်းထန်နိုင်သူများကိုကုသရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## စကြဝဠာ၏ပုံရိပ်ကို မြင်ကွင်းအကျယ်ဆုံးရိုက်ကူးပေးနိုင်မည့် ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာကို သိပ္ပံပညာရှင်များက ဖော်ထုတ်ပြသခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၇**

စကြဝဠာ၏ ပုံရိပ်ကို မြင်ကွင်းအကျယ်ဆုံး ရိုက်ကူးပေးနိုင်မည့် ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာကို သိပ္ပံပညာရှင်များက ဖော်ထုတ်ပြသခဲ့ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

LSST အမည်ရှိ အဆိုပါ ဒစ်ဂျစ်တယ်ကင်မရာကို အမေရိကန် စွမ်းအင်ဝန်ကြီးဌာန အမျိုးသားအလျင်ပေးစက် သုတေသနဌာန၌ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

မီဂါပစ်ဇယ် ၃၂၀၀ ရှိသည့် LSST ဒစ်ဂျစ်တယ်ကင်မရာသည် ၁၅ မိုင်အကွာမှ ဂေါက်သီးတစ်လုံးကိုပင် ရှာဖွေရိုက်ကူးပေးနိုင်ကြောင်း သိရသည်။



တည်ဆောက်မှုလုပ်ငန်းတစ်ခုလုံးပြီးစီးချိန်တွင် LSST ဒစ်ဂျစ်တယ်ကင်မရာသည် ချီလီနိုင်ငံ ရှုဘင်ရေဒီယိုတယ်လီစကုပ်စခန်း၌ အခြေစိုက်၍ တောင်ဘက်ကောင်းကင်ယံကို ဓာတ်ပုံများရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒစ်ဂျစ်တယ်ကင်မရာသည် ကမ္ဘာပေါ်၌ တည်ဆောက်ခဲ့ဖူးသမျှ အကြီးမားဆုံး ဒစ်ဂျစ်တယ်ကင်မရာဖြစ်ပြီး အလေးချိန်ကီလိုဂရမ် ၂၈၀၀ ထိရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန် သိပ္ပံပညာရှင်များသည် LSST ဒစ်ဂျစ်တယ်ကင်မရာစနစ်ကို အပြီးသတ် တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

KKO

## ကျေးငှက်အော်မြည်သံများကို နားထောင်ခြင်းဖြင့် အကြောက်လွန်ရောဂါနှင့်စိုးရိမ်သောကဝင်နိုင်ခြေလျှော့ချနိုင်

**ဘာလင် အောက်တိုဘာ ၁၇**

ကျေးငှက်အော်မြည်သံများကို နားထောင်မှုသည် ကျန်းမာရေးကောင်းသူများ၌ အကြောက်လွန်ရောဂါဝင်နိုင်ခြေနှင့် စိုးရိမ်သောကဝေဒနာ ဝင်နိုင်ခြေတို့ကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ News Week သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

ဂျာမနီ သုတေသနပညာရှင်များသည် မြို့ပြယာဉ်သွားယာဉ်လာ ဆူညံသံများနှင့် သဘာဝကျေးငှက်အော်မြည်သံများ၏ လူသားတို့စိတ်အခြေအနေပေါ် အကျိုးသက်ရောက်မှုကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ သဘာဝကျေးငှက် အော်မြည်သံများသည် ကျန်းမာသူများ၌ စိုးရိမ်သောကဝင်ရောက်နိုင်မှု၊ အကြောက်လွန်ရောဂါ စိတ်အခြေအနေပေါ်လာနိုင်မှုများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် မြို့ပြယာဉ်သွားယာဉ်လာ ဆူညံသံများကြောင့် ကျန်းမာသူများ၌ စိတ်ကျဝေဒနာခံစားရမှုအခြေအနေ ပိုဆိုးလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ စမ်းသပ်မှုမှပေါ်ထွက်လာသော ရလဒ်များအရ ကျေးငှက်အော်မြည်သံနှင့် ယာဉ်သွားယာဉ်လာ ဆူညံသံတို့သည် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်အပေါ် သိသာလောက်သည့် အကျိုးသက်ရောက်မှုမျိုး မရှိကြောင်း သိရသည်။

KKO



## ယူရေးနပ်စ်ဂြိုဟ် ခါးပတ်ကွင်းစနစ်အတွင်းရှိ ထူးဆန်းသောဖုန်မှုန့်ခါးပတ်ကွင်းကို သိပ္ပံပညာရှင်များ ပြန်လည်ရှာဖွေတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁၇**

ယူရေးနပ်စ်ဂြိုဟ် ခါးပတ်ကွင်းစနစ်အတွင်းရှိ ထူးဆန်းသော ဖုန်မှုန့်ခါးပတ်ကွင်းကို သိပ္ပံပညာရှင်များက ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၂ အာကာသယာဉ်၏ အချက်အလက်များထဲတွင် အဆိုပါခါးပတ်ကွင်းကို အမေရိကန် သိပ္ပံပညာရှင်များက ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ၁၉၈၆ ခုနှစ် ဇန်နဝါရီလတွင် ယူရေးနပ်စ်ဂြိုဟ်ကို ဖြတ်ကျော်ပျံသန်းခဲ့ရာ ဂြိုဟ်ရံလ ၁၀ စင်းနှင့် ခါးပတ်ကွင်းနှစ်ကွင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

သို့ရာတွင် ယူရေးနပ်စ်ဂြိုဟ်၏ ခါးပတ်ကွင်းနှစ်ကွင်းအနက် ဇီတာခါးပတ်ကွင်းအမည်ရှိ ခါးပတ်ကွင်းမှာ ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း ကွယ်ပျောက်နေခဲ့ရာ သိပ္ပံပညာရှင်များ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များသည် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်မှ ရရှိခဲ့သည့် အချက်အလက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြရာ ဇီတာခါးပတ်ကွင်းပါဝင်သည့် ဓာတ်ပုံသစ်တစ်ပုံကို ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံသစ်အထောက်အထားအရ သိပ္ပံပညာရှင်များသည် ဇီတာခါးပတ်ကွင်းနှင့် ယူရေးနပ်စ်ဂြိုဟ်တို့ကြား အကွာအဝေးကိုပါ တွက်ချက်နိုင်ခဲ့သည်။

အဆိုပါ ခါးပတ်ကွင်းသည် ယူရေးနပ်စ်ဂြိုဟ်၏အထက် မိုင် ၂၃၀၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အဖွင့် ၁၀ ပွဲတွင် ကိုးပွဲအနိုင်ရရှိသည့် ငါးသင်းမြောက်အသင်းအဖြစ် အာဆင်နယ်အသင်း မှတ်တမ်းဝင်



**လန်ဒန် အောက်တိုဘာ ၁၇**

အာဆင်နယ် အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁) အဖြစ်ကစားခဲ့သည့် လိဒ်အသင်းနှင့်ပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သောကြောင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအစ အဖွင့် ၁၀ ပွဲတွင် ကိုးပွဲထိ နိုင်ပွဲရယူနိုင်ခဲ့သည့် ငါးသင်းမြောက်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရာသီအစရလဒ်များ ဆက်တိုက်ကောင်းမွန်လျက်ရှိနေပြီး မန်ယူအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ် တစ်ပွဲတည်းတွင် သုံးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကာ ကျန်ပွဲစဉ်များအားလုံးကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲသမိုင်းတစ်လျှောက် ရာသီအစ ၁၀ ပွဲကစားပြီးချိန်တွင် ကိုးပွဲထိအနိုင်ရရှိထားသည့် အသင်းများအဖြစ် အာဆင်နယ်အသင်း မတိုင်မီက ၁၉၉၅-၁၉၉၆ ဘောလုံးရာသီက နယူးကာဆယ်အသင်း၊ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီက ချဲလ်ဆီးအသင်း၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီနှင့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတို့တွင် မန်စီးတီးအသင်း၊ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် လီဗာပူးအသင်းတို့ကလည်းကောင်း မှတ်တမ်းကောင်းများ ရရှိခဲ့ကြသည်။

အာဆင်နယ်အသင်းမတိုင်မီက ရာသီအစ ၁၀ ပွဲကစားပြီးချိန်တွင် ကိုးပွဲထိ အနိုင်ရအောင်စွမ်းဆောင်နိုင်ခဲ့သည့် အသင်းလေးသင်းအနေဖြင့် ရာသီကုန်ဆုံးချိန်တွင် နယူးကာဆယ်အသင်းသာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ပြီး မန်စီးတီး၊ ချဲလ်ဆီးနှင့် လီဗာပူးအသင်းတို့အနေဖြင့် ချန်ပီယံဆုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြကာ ယခုအခါအာဆင်နယ်အသင်းကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။ STA

# ဆန်ဒီယေဂိုတင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုရခဲ့သည့် စဝီယာတက်ခ် ရှစ်လုံးမြောက် ဆုဖလားရရှိ

**ဆန်ဒီယေဂို အောက်တိုဘာ ၁၇**

အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် ဆန်ဒီယေဂို တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် ခရိုအေးရှားတင်းနစ်မယ် ဗွန်နာဗီကစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၃၊ ၃-၆၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သောကြောင့် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွင်း ရှစ်လုံးမြောက် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း WTA Tennis က ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဗွန်နာဗီကစ်ကို ရှုံးနိမ့်ခဲ့ရာ တစ်ပွဲစီ အနိုင်ရရှိထားသည့်အတွက် အနိုင်အရှုံး အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး စဝီယာတက်ခ်က ပြတ်သားသည့် ရလဒ်များဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

စဝီယာတက်ခ်က "တစ်ရာသီအတွင်း ဆုဖလားအမြောက်အမြား ဆွတ်ခူးနိုင်တဲ့ ကစားသမားတစ်ယောက်အဖြစ် ရပ်တည်ခွင့်ရချင်တယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ရေကုန်ရေခန်း ကစားခဲ့တယ်။ ဒုတိယမြောက်ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ရလို့ ဖိအားဝင်ခဲ့တယ်။ ဒါကြောင့် နောက်ဆုံးပွဲစဉ်မှာ မဖြစ်မနေ အနိုင်ရအောင်ကစားနိုင်ဖို့ လိုအပ်နေတဲ့အတွက် ကျွန်မမှာရှိတဲ့ စွမ်းဆောင်ရည်တွေ အကုန်လုံး အသုံးပြုနိုင်အောင် အာရုံစိုက်ခဲ့ပြီး ရေကုန်ရေခန်း ကစားခဲ့တာပါ။ ဖိအားတွေအောက်ကနေ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ထပ် ဆုဖလားတွေ ဆွတ်ခူးနိုင်ဖို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




## ပရီးမီးယားလိဂ် ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

ML

**ပဲလေ့စ် Vs ဝုဗ်**

**ကစားမည့်ရက်/အချိန် ၁၉-၁၀-၂၀၂၂ (နံနက် ၁း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ် ၀ - ၂ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပဲလေ့စ်** | – | **အိမ်(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **ဝုဗ်** | – | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ပဲလေ့စ်အသင်းဟာ ခံစစ်ကစားပုံတည်ငြိမ်တာကြောင့် အိမ်ကွင်းဆိုရင် ခြေရည်တူအသင်းတွေကို အနိုင်ရခဲ့တာတွေ့ရမှာပါ။ လက်ရှိ ဝုဗ်အသင်းကတော့ နည်းပြသစ်လက်ထက်မှာ အဝေးကွင်းခံစစ်ပိုင်းမပြင်နိုင်သေးတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးနိမ့်ရမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ပဲလေ့စ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ပဲလေ့စ် ၁ – ၀ ဝုဗ်**

## အားကစားသတင်း အတိုအထွာများ

- ရိုးမားအသင်းနည်းပြ မော်ရင်ဟိုက ရောင်းချရန်ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး အေဗရာဟမ်ကို အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့က လက်ဦးမှုရယူရန် အပြိုင်ကမ်းလှမ်းနေကြောင်း သိရသည်။
- စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက အသင်းနှင့် သက်တမ်းတိုးစာချုပ်ဆွေးနွေးရန် ဆန္ဒရှိသော်လည်း နည်းပြကွန်တီနှင့် စပါးအသင်းတို့၏ အနာဂတ်ကို စောင့်ကြည့်နေသဖြင့် စာချုပ်သစ်ကိစ္စကြန့်ကြာနေကြောင်း သိရသည်။ ML

# စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း ကာလက်ပလန့် အန်တိုနီဒီရယ်လ်ကို အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိ

**နယူးယောက် အောက်တိုဘာ ၁၇**

IBF စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံဟောင်း ကာလက်ပလန့်သည် IBF စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ကန်နဲလိုအယ်ဗာရက်ဇ်ထံ လွှဲပြောင်းပေးခဲ့ရပြီးနောက် ချန်ပီယံကိုပြန်လည်စိန်ခေါ်ခွင့်ရရှိရေးအတွက် စိန်ခေါ်သူ အန်တိုနီဒီရယ်လ်နှင့် အောက်တိုဘာ ၁၆ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကာလက်ပလန့်က အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Boxing Talk သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အန်တိုနီဒီရယ်လ်သည်လည်း WBC စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရရှိရေးအတွက် ကာလက်ပလန့်နှင့် စိန်ခေါ်ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်လက်ဝှေ့သမားများဖြစ်ကြသည့် ကာလက်ပလန့်နှင့် အန်တိုနီဒီရယ်လ်တို့၏ စိန်ခေါ်ပွဲသည် အကြိတ်အနယ်ရှိသည့် စိန်ခေါ်ပွဲဖြစ်ခဲ့သော်လည်း ကိုးချီမြောက်တွင် ကာလက်ပလန့်၏ ထင်မှတ်မထားသည့် ထိုးချက်များကြောင့် အန်တိုနီဒီရယ်လ်မှောက်ကျသွားခဲ့ပြီး စိန်ခေါ်ပွဲကို ဆက်လက်ထိုးသတ်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

အန်တိုနီဒီရယ်လ်၏အစ်ကိုဖြစ်သူ အန်ဒရေဒီရယ်လ်က "ကျွန်တော့်ညီဟာ ကာလက်ရဲ့ ထင်မှတ်မထားတဲ့ ထိုးချက်ကြောင့် ရှုံးနိမ့်ခဲ့ရတယ်။ ကျွန်တော့်ညီဟာ သန်မာတဲ့ လက်ဝှေ့သမား တစ်ယောက်ပါ။ ကာလက်နဲ့ထိုးသတ်ဖို့ ဆုံးဖြတ်ခဲ့ကတည်းက ခက်ခဲတဲ့စိန်ခေါ်ပွဲဆိုတာ သူကြိုတွေးပြီးသားပါ။ အခုလို အလဲထိုးရလဒ်နဲ့ ရှုံးနိမ့်ခဲ့ရပေမဲ့ ကျွန်တော့်ညီဟာ သူလုပ်နိုင်သလောက် အကောင်းဆုံးလုပ်ပြသွားခဲ့တယ်။ ကျွန်တော့်ညီအတွက် ကျွန်တော်ဂုဏ်ယူတယ်။ မနာလိုမုန်းတီးသူတွေကတော့ ကျွန်တော့်ညီကို အမျိုးမျိုးဝေဖန်နေကြတယ်။ ဂရုမစိုက်ပါဘူး။ ကိုယ်လုပ်စရာရှိတာ အကောင်းဆုံး ရှေ့ဆက်လုပ်ဆောင်သွားဖို့ပဲလိုတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဂျိုတာ၏ ဒဏ်ရာပြဿနာနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း လီဗာပူးအသင်းနည်းပြ ကလော့ပ် ပြောကြား

**လန်ဒန် အောက်တိုဘာ ၁၇**

ပရီးမီးယားလိဂ်ပွဲစဉ်(၁၁)အဖြစ် လီဗာပူးနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် လီဗာပူးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သော်လည်း တောင်ပံတိုက်စစ်ကစားသမား ဂျိုတာသည် ပွဲပြီးဆုံးခါနီးတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်၍ နည်းပြကလော့ပ်က စိုးရိမ်မိသည်ဟု ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုတာသည် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခဲ့ကာ တန်ပြန်တိုက်စစ်မှတစ်ဆင့် အသင်းအတွက် သွင်းဂိုးများရရှိရန် အခွင့်အရေးများ ဖန်တီးနိုင်သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုကြောင့် ဂိုးရရှိမည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ရပြီး ပွဲချိန် မိနစ် ၉၀ အရောက်တွင် ခြေထောက်ဒဏ်ရာကြောင့် ကွင်းအတွင်းလဲကျခဲ့ကာ ဆေးအဖွဲ့၏ အကူအညီဖြင့်ထွက်ခွာခဲ့၍ အသင်းဖော်ကစားသမား တက်စမီကက်စ်နှင့် လူစားလဲခဲ့ရသည်။










နည်းပြကလော့ပ်က "ဂျိုတာအနေနဲ့ ပွဲပြီးဆုံးခါနီးမှ ဒဏ်ရာရသွားတာဟာ အသင်းအတွက် အထောက်အကူ ဖြစ်ခဲ့တာပါ။ တကယ်လို့ သူအနေနဲ့ ပွဲအချိန်အတွင်း မကစားနိုင်တော့ရင် ကျွန်တော်တို့ ရလဒ်မကောင်းနိုင်ပါဘူး။ လာမဲ့ ဝက်စ်ဟမ်းအသင်းနဲ့ ပွဲစဉ်မှာတော့ ဂျိုတာ ပါဝင်နိုင်မှာ မဟုတ်ပါဘူး။ သူ့ဒဏ်ရာနဲ့ပတ်သက်လို့ အသေးစိတ်မသိရသေးပေမဲ့ လာမဲ့ပွဲစဉ်တွေကို လွဲချော်မှာဖြစ်လို့ စိုးရိမ်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ISPEအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှု မရှိဘဲ အပြန်အလှန်တိုက်စစ်ဆင်မှုများဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် လေးမိနစ်တွင် ထက်ဇော်ထွန်းက မဟာယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် ISPE အသင်းကလည်း ပြန်လည် ဖိအားပေးကစားပြီး ချေပဂိုးရရှိရေး အတွက် ကြိုးစားခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းအပြီးတွင် မဟာယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ISPE အသင်း၏ ချေပဂိုးအတွက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာ ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ဝေလင်းအောင်နှင့် ပွဲချိန် ၆၉ မိနစ်တွင် ဇာနည်တို့က ISPEအသင်းအတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးများကို ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

ချေပဂိုးနှင့် ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် ISPE အသင်းက အနိုင်ရလဒ် ထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော်လည်း မဟာယူနိုက်တက်အသင်းက ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၇၂ မိနစ်တွင် အိုဘိုဒီက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# LIV Golf Invitational Jeddah ပြိုင်ပွဲချန်ပီယံဆုကို ကိုပ်ကာ ဆွတ်ခူး

**ရီယာ့ဒ် အောက်တိုဘာ ၁၇**

ဆော်ဒီအာရေဗျ နိုင်ငံတွင် ကျင်းပခဲ့သည့် LIV Golf Invitational Jeddah ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကိုပ်ကာက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုပ်ကာသည် နောက်ဆုံးနေ့တွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သည့် ပီတာနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ကိုပ်ကာက အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

Play-off တွင် ရှုံးနိမ့်ခဲ့သည့် ပီတာက ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာနှင့် ချီလီဂေါက်သီးရိုက်ကစားသမား ဂျိုအာကွင်းတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ကိုပ်ကာက "ဒီပြိုင်ပွဲမတိုင်မီ ကျွန်တော့်အနေနဲ့ ဒူးဒဏ်ရာရရှိခဲ့တဲ့အတွက်ကြောင့် အနားယူခဲ့ရတယ်။ လေ့ကျင့်မှုတွေကို အချိန်တော်တော်ကြာ မလုပ်နိုင်ခဲ့ဘူး။ ဒဏ်ရာပြဿနာကြောင့် ကျွန်တော့်ရဲ့စွမ်းဆောင်ရည်ပိုင်းက နောက်ပြန်ဆုတ်လာတယ်လို့ခံစားမိတယ်။ ကျွန်တော့်ဒူးဒဏ်ရာ အခြေအနေက ခွဲစိတ်ကုသမှုခံယူရမဲ့ အခြေအနေဖြစ်ပါတယ်။ အခုလောလောဆယ်တော့ ကျွန်တော်ကစားနိုင်သလောက်ကစားအုံးမယ်။ လမ်းကောင်းကောင်း လျှောက်နိုင်သေးသရွေ့တော့ ခွဲစိတ်ကုသမှု ခံယူအုံးမှာမဟုတ်ပါဘူး။ လမ်းမလျှောက်နိုင်တော့ဘူးဆိုရင်တော့ ကျွန်တော့်အနေနဲ့ ခွဲစိတ်ကုသမှုခံယူသွားမှာဖြစ်ပါတယ်။ ဒဏ်ရာကနေသက်သာလာလို့ ပြိုင်ပွဲပြန်ဝင်တဲ့အချိန် အခုလို ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ချဲလ်ဆီးအသင်းက အငှားလာရောက်ကစားနေသည့် ဇာကာရီးယားကို ဂျူဗင်တပ်အသင်းသို့ ပြန်လည်စေလွှတ်ရန် စီစဉ်နေ

**လန်ဒန် အောက်တိုဘာ ၁၇**

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ နောက်ဆုံးအချိန်တွင် ချဲလ်ဆီးအသင်းက အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဂျူဗင်တပ်ကစားသမား ဇာကာရီးယားကို စာချုပ်ဖျက်သိမ်း၍ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းသို့ ပြန်လည်စေလွှတ်ရန် စီစဉ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဇာကာရီးယားကို ယခင်နည်းပြဟောင်းတူချယ်က ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုရှိသည့်အတွက် ခေါ်ယူခဲ့ခြင်း ဖြစ်သော်လည်း နည်းပြတူချယ်အနေဖြင့် ရုတ်တရက် ထွက်ခွာသွားခဲ့ရာ ၎င်းအနေဖြင့် ပွဲကစားခွင့်ပျောက်ဆုံးခဲ့ပြီး နည်းပြဂရာဟမ်ပေါ်တာ လက်ထက်တွင်လည်း ကွင်းလယ်ကစားသမား ကန်တီ၊ ဂျော်ဂျင်ဟို၊ ကိုဗာဆစ်တို့ ဒဏ်ရာပြဿနာ ကြုံတွေ့ချိန်တွင်လည်း အရန်ခုံတွင်သာ အချိန်ကုန်ခဲ့ရသဖြင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖျက်သိမ်း၍ ဂျူဗင်တပ်အသင်းနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒရှိနေကြောင်း သိရသည်။



အသက် ၂၅ နှစ်ရှိ ဇာကာရီးယားသည် ဂျာမန်ကလပ်ဂလာဘတ်အသင်းတွင် ပြိုင်ပွဲစုံ ၁၄၆ ပွဲ၌ သွင်းဂိုး ၁၁ ဂိုးသွင်းယူကာ ခြေစွမ်းပြကစားနေသောကြောင့် ဂျူဗင်တပ်အသင်းက ပြီးခဲ့သည့်နှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလက အပြီးသတ်ခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် ဂျူဗင်တပ်အသင်း၌ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်နေရသဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိရန် ချဲလ်ဆီးအသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ခဲ့သော်လည်း ပွဲကစားခွင့်ပျောက်ဆုံးခဲ့ပြီး ခြေစွမ်းပိုင်း ကျဆင်းခဲ့ကြောင်း သိရသည်။ ML

# လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် စပါးအသင်းသို့ပြောင်းရွှေ့ရန် ဘိုနူချီပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၁၇**

နည်းပြအယ်လီဂရီ လက်အောက်တွင် ပုံစံကောင်းပျောက်ဆုံးနေသည့် ခံစစ်ကစားသမား ဘိုနူချီက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် စပါးအသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းနည်းပြ အယ်လီဂရီနှင့် ဘိုနူချီတို့မှာ ဆက်ဆံရေးတင်းမာမှုများရှိနေသည့်အပြင် ကစားသမားအနေဖြင့်လည်း ပြိုင်ပွဲစုံတွင် ပွဲထွက်ခွင့်ခုနစ်ပွဲသာရရှိထားပြီး ပုံမှန်ပွဲကစားခွင့် မရရှိခဲ့သောကြောင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းနှင့် အဆုံးသတ်၍ စပါးအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိကြောင်း ဘိုနူချီက ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၅ နှစ်ရှိ ဘိုနူချီသည် အသက်အရွယ် ရလာသော်လည်း ခံစစ်ပိုင်းတွင် တည်ငြိမ်သည့်ခြေစွမ်းများကြောင့် ဥရောပကလပ်အသင်းကြီးများ၏ စိတ်ဝင်စားမှုကို ခံနေရသော်လည်း ကစားသမားအနေဖြင့် နည်းပြဟောင်း ကွန်တီနှင့်သာ လက်တွဲသွားရန် ဆုံးဖြတ်ထားသောကြောင့် ပရီးမီးယားလိဂ်တွင် ဘိုနူချီကို မြင်တွေ့ရဖွယ်ရှိသည်ဟု သတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။ ML

# MFF Futsal League(1) ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်များ စတင်

**ရေဘမ အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် MFF Futsal League(1)ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကိုယနေ့တွင် Imperial Sport Arena တွင် စတင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MFF Futsal League(1) ပြိုင်ပွဲ ခြေစစ်ပွဲစဉ်ကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် အုပ်စုနှစ်စုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမအသင်းနှင့် ဒုတိယအသင်းစသည့် အသင်းလေးသင်းအနေဖြင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး အုပ်စုတတိယနေရာတွင် ရပ်တည်သည့် အသင်း နှစ်သင်းအနေဖြင့် ရှုံးထွက်ပွဲစဉ် ကစားပြီးမှသာ တစ်သင်းက ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

MFF Futsal League(1) ပြိုင်ပွဲ ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီး အုပ်စု(က)တွင် Shwe Pyi Thar အသင်း၊ Future of Dagon အသင်း၊ Futsal 19 အသင်း၊ Generations အသင်း၊ Let Wel Thonnera အသင်း၊ အုပ်စု(ခ)တွင် Myanmar AC Milan Fan အသင်း၊ Taw Win Nan အသင်း၊ AKG အသင်း၊ Futsal Chit Thu အသင်း၊ Friendly Zone အသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

MFF Futsal League(1) ပြိုင်ပွဲ ခြေစစ်ပွဲအဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(က)မှ Shwe Pyi Thar အသင်းက Let Wel Thonnera အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ Future of Dagon အသင်းက Generations အသင်းကို ခြောက်ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ Friendly Zone အသင်းက Myanmar AC Milan Fan အသင်းကို ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး Taw Win Nan အသင်းနှင့် Futsal Chit Thu အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

STA

# စပိန်လာလီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

STA

**အောတီကို Vs ဗယ်လ်ကာနို**

**ကစားမည့်ရက်/အချိန် ၁၉-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗယ်လ်ကာနို ၀ - ၁ အောတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**


| | | | | |
|---|---|---|---|---|
| **အောတီကို** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဧည့်(နိုင်)** |
| **ဗယ်လ်ကာနို** | – | **အိမ်(နိုင်)** | **ဧည့်(ရှုံး)** | **အိမ်(သရေ)** |

ထိပ်တိုက်တွေ့ဆုံမှုတွေမှာ အောတီကိုက ၁၃ ကြိမ် နိုင်ပွဲရယူထားပြီး ဗယ်လ်ကာနိုအသင်းက တစ်ကြိမ်သာ အနိုင်ရရှိခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းကလဲ အောတီကိုအသင်းဟာ အိမ်ကွင်းမှာ ဗယ်လ်ကာနိုအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ အောတီကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အောတီကို ၂ – ၀ ဗယ်လ်ကာနို**

# တရုတ် - ဆော်လမွန်ကျွန်း ဆက်ဆံရေးအလားအလာ

**ဝင်းဇင်(သုတေသန)**



တရုတ်နှင့် ဆော်လမွန်ကျွန်းနိုင်ငံတို့သည် ယခုနှစ် မတ် ၃၀ ရက်တွင် လုံခြုံရေးစာချုပ်သဘောတူညီချက်မူကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ လက်မှတ်ရေးထိုးပြီး မရှေးမနှောင်းမှာပင် အမေရိကန်နိုင်ငံသည် နိုင်ငံရေးစည်းရုံးမှုတစ်ရပ်အနေဖြင့် ဆော်လမွန်ကျွန်းသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဆော်လမွန်ကျွန်း၌ အမြဲတမ်းစစ်အခြေစိုက်စခန်းဖွင့်လှစ်ခြင်း သို့တည်းမဟုတ် စစ်အင်အားတည်ဆောက်ခြင်းများလုပ်ဆောင်လာခဲ့မည်ဆိုလျှင် အမေရိကန်အနေဖြင့် လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့က ဆော်လမွန်အစိုးရအဖွဲ့ကိုသတိပေးခဲ့သည်။

လတ်တလော သတင်းအချက်အလက်အထောက်အထားများအရ တရုတ်နိုင်ငံသည် ဆော်လမွန်ကျွန်းနိုင်ငံတွင် စစ်အခြေစိုက်စခန်းတည်ဆောက်သွားမည့်အလားအလာနည်းပါးလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်သည် အနာဂတ်တွင် ဖြစ်လာခဲ့လျှင်ဆိုသောသဘောဖြင့် ဆော်လမွန်ကျွန်းနိုင်ငံကို ကြိုတင်သတိပေးခြင်းပင်ဖြစ်သည်။

ယခုနှစ် ဧပြီ ၂၃ ရက်ထုတ် ဆော်လမွန်စတားသတင်းစာ တစ်စောင်၌ အမေရိကန်ကိုယ်စားလှယ်များသည် ဝန်ကြီးချုပ် မာနက်ဆက်ဆိုဂါဗာရီကို တရုတ်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်လက်မှတ်ရေးထိုးမှုရွှေ့ဆိုင်းရေးအတွက် စည်းရုံးဆောင်ရွက်ရန် နှစ်ပေါင်း ၈၀ အတွင်း ကျွန်းနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ရေးသားဖော်ပြခဲ့သည်။

လက်ရှိအချိန်ထိ ဆော်လမွန်ကျွန်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုရန် စိတ်အားထက်သန်နေဆဲပင်ဖြစ်သည်။ ဆိုဂါဗာရီက အဆိုပါစာချုပ်သည် ဆော်လမွန်ကျွန်းနိုင်ငံအတွက် အကြီးမားဆုံးအကျိုးစီးပွားပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်း၊ စီးပွားရေးပြန်လည်ဦးမော့လာအောင် ဖော်ဆောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုတည်ဆောက်ခြင်းတို့တွင် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဆော်လမွန်ကျွန်းနိုင်ငံ၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် တရုတ်နှင့် ဆော်လမွန်ကျွန်းနိုင်ငံတို့ကြား လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြို့တော် ဟိုနီယာရာတွင်အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး တရုတ်ရပ်ကွက်သည် မီးရှို့ခံခဲ့ရသည်။

ဩစတြေးလျနိုင်ငံသည် ဆော်လမွန်ကျွန်းနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ မိတ်ဖက်နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်သော်လည်း ဟိုနီယာရာမြို့တော်အတွင်း ဆူပူအကြမ်းဖက်မှုများဖြစ်ပွားခဲ့သည့်အချိန်တွင် အစိုးရအဆောက်အအုံများသည် အကြမ်းဖက်လူအုပ်ကြီးများ၏ တိုက်ခိုက်ဖျက်ဆီးမှုခံခဲ့ရသည်။ ထိုစဉ်က ဩစတြေးလျစစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့သည် မြို့တော်ဟိုနီယာရာရှိ တရုတ်စီးပွားရေးလုပ်ငန်းများကို ဖျက်ဆီးနေသည့် လူအုပ်ကြီးများကို တားဆီးရန် ပျက်ကွက်ခဲ့သည်။

လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်သည် တရုတ်နိုင်ငံနှင့် ဆော်လမွန်ကျွန်းစုနိုင်ငံတို့ကြား သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေးနှင့် ဘဏ္ဍာစနစ်ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဒေသတစ်ဝန်းရှိနိုင်ငံများကို အကျိုးဖြစ်ထွန်းစေမည့် လူမှုအဖွဲ့အစည်းစဉ်ဆက်မပြတ် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန်အထောက်အကူပြုသွားရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်သည် စစ်ရေးဆိုင်ရာရည်မှန်းချက်များပါရှိခြင်းမရှိကြောင်း၊ လက်ရှိအချိန်တွင် တရုတ်နိုင်ငံနှင့် ဆော်လမွန်ကျွန်းစုနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအပေါ်ခြိမ်းခြောက်မှုများကြောင့် တိုးတက်မှုရပ်ဆိုင်းလျက်ရှိကြောင်းနှင့်ဆော်လမွန်ကျွန်းစုတွင်တရုတ်စစ်အခြေစိုက်စခန်းများ တည်ဆောက်မည်ဆိုသော သတင်းသည် ကောလာဟလမျှသာဖြစ်ကြောင်း ဆိုဂါဗာရီက ပြောကြားသွားခဲ့သည်။

ဆော်လမွန်ကျွန်းစုနိုင်ငံနှင့် တရုတ်နိုင်ငံ၏လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အမေရိကန်၏ လုံခြုံရေးအပေါ် မည်သို့ထိခိုက်နေသလဲဆိုတာကို နားလည်ရန်ခက်ခဲလျက်ရှိသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံများကို အမေရိကန်နှင့် ၎င်း၏ လက်တစ်ဆုပ်စာမဟာမိတ်များနှင့်သာ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရန်ခွင့်ပြုထားလေသလား၊ အမေရိကန်နိုင်ငံအနေဖြင့် ပစိဖိတ်ကျွန်းနိုင်ငံများကို လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ် အသိအမှတ်ပြုထားသလား သို့တည်းမဟုတ် အမေရိကန်နိုင်ငံ၏ လက်အောက်ခံနိုင်ငံများအဖြစ် သဘောထားလေရော့သလားဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

တရုတ်နိုင်ငံနှင့် ဆော်လမွန်ကျွန်းစုနိုင်ငံတို့သည် ၂၀၁၉ ခုနှစ် သံတမန်ဆက်ဆံရေးထူထောင်ထားရှိခဲ့သည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းတည်ငြိမ်မှုအပြင် ကျွန်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုကြီးမားစွာမြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့ပြင် တရုတ်အစိုးရသည် ဆော်လမွန်ကျွန်းစုနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ရင်ဆိုင်နေရသည့် အကျပ်အတည်းကာလအတွင်း ဆေးဘက်ဆိုင်ရာ အကူအညီများစွာပေးပို့ခဲ့သည်။

တရုတ်နှင့် ဆော်လမွန်ကျွန်းနိုင်ငံတို့ကြား လုံခြုံရေးဆိုင်ရာသဘောတူညီချက်အပေါ် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုသည် ဆော်လမွန်ကျွန်းနိုင်ငံ၏ အချုပ်အခြာအာဏာအပေါ်ခြိမ်းခြောက်မှုပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် လုံခြုံရေးဆိုင်ရာမျှော်မှန်းချက်ကို အားလုံးအကျုံးဝင်သော စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရှုမြင်ထားရှိသည်။ အချုပ်အခြာအာဏာပိုင် နှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ဆော်လမွန်ကျွန်းနိုင်ငံတို့ကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ပစိဖိတ်ကျွန်းနိုင်ငံအားလုံး၏ ဘုံအကျိုးစီးပွားကို အတည်ပြုခဲ့ခြင်းပင်ဖြစ်သည်။

**❖ လက်ရှိအချိန်ထိ ဆော်လမွန်ကျွန်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် လုံခြုံရေးဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုရန် စိတ်အားထက်သန်နေဆဲပင်ဖြစ်သည်။ ဆိုဂါဗာရီက အဆိုပါစာချုပ်သည် ဆော်လမွန်ကျွန်းနိုင်ငံအတွက် အကြီးမားဆုံးအကျိုးစီးပွားပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်း၊ စီးပွားရေးပြန်လည်ဦးမော့လာအောင် ဖော်ဆောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်မှုတည်ဆောက်ခြင်းတို့တွင် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ❖**

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရေးဆိုင်ရာတွက်ချက်မှု သို့တည်းမဟုတ် အချုပ်အခြာအာဏာတို့အပေါ် ဟန့်တားနှောင့်ယှက်မှုပါဝင်ခြင်းမရှိသည့် မျှတသောပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်သည်။ ဆော်လမွန်ကျွန်းနိုင်ငံ၏ အနာဂတ်ကို ထိုနိုင်ငံရှိ ပြည်သူများကသာ အဆုံးအဖြတ်ပေးသွားသင့်ပေသည်။ နှစ်နိုင်ငံစလုံးသည် ၂၀၂၁ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သည့် ဝမ်းနည်းဖွယ်ရာဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားမှုကို ခွင့်ပြုသွားမည်မဟုတ်သလို ကောလာဟလများသည် ပြည်သူများ၏ သဘောထားကို ယိမ်းယိုင်နိုင်စေမည် မဟုတ်ပေ။ အမေရိကန်နိုင်ငံအနေဖြင့် ဆော်လမွန်ကျွန်းနိုင်ငံသည် ၎င်း၏ နယ်မြေ အစိတ်အပိုင်းတစ်ရပ်မဟုတ်ကြောင်းနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်ဆိုသော ပကတိအမှန်တရားကို သိရှိသဘောပေါက် နားလည်ထားသင့်ပေသည်။

ဆိုရလျှင် အမေရိကန်၊ ဩစတြေးလျနှင့် ပစိဖိတ်နိုင်ငံတို့က ဆော်လမွန်ကျွန်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်အပေါ် စိုးရိမ်ပူပန်မိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စစ်အင်အားတိုးချဲ့လာသဖြင့် ဒေသတွင်းရိုက်ခတ်မှုဖြစ်ပေါ်လာနိုင်ကြောင်း တစိုက်မတ်မတ်ပြောဆိုလျက်ရှိကြသည်။

သို့သော် ဆော်လမွန်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၂၇ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် ၎င်းတို့တိုင်းပြည်သည် ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်ကတည်းက ဟန့်တားနှောင့်ယှက်မှုများ၊ တစ်ဖက်သတ်စွပ်စွဲဝေဖန်မှုများ၊ ရန်စပြောဆိုမှုများနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ ဆော်လမွန်ကျွန်းနိုင်ငံသည် သတင်းမီဒီယာများတွင် သွားပုပ်လေလွင့် ရေးသားပြောဆိုမှုများ ခံနေရကြောင်း၊ ထိုကဲ့သို့ပြောဆိုရေးသားမှုများသည် ဒီမိုကရေစီနှင့် အချုပ်အခြာအာဏာကိုခြိမ်းခြောက်မှုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနှင့်နိုင်ငံတကာ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်သည့် မည်သည့်အင်အားကြီးနိုင်ငံနှင့်မျှ ပူးပေါင်းဆောင်ရွက်သွားမည်မဟုတ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအားလုံးနှင့်စစ်မှန်သော ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆိုရလျှင် ပစိဖိတ်ကျွန်းစုနိုင်ငံများသည် တရုတ်နှင့်အမေရိကန်တို့အပြင် ၎င်း၏မဟာမိတ်များကြား ပထဝီနိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုနေရာသစ်တစ်ခုဖြစ်လာပြီဖြစ်သည်။ အဆိုပါ ယှဉ်ပြိုင်မှုသည် တရုတ်နိုင်ငံနှင့် ဆော်လမွန်ကျွန်းနိုင်ငံတို့ကြား လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးနောက် ပိုမိုပြင်းထန်လာခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

(1) Leave Sovereignty Be,Please by Beijing Review.

(2) Solomons 'unfairly targeted' since recognizing China, its President tells U.N. by REUTERS.

# ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပြင်ဦးလွင် ပန်းပွဲတော် စည်ကားစွာကျင်းပသွားမည်



**ပြင်ဦးလွင် အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပြင်ဦးလွင်ပန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် နှစ်စဉ်ပြုလုပ်လျက်ရှိသော ပန်းပွဲတော်ကို (၁၅) ကြိမ်မြောက်အဖြစ် လာမည့် ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပန်းပွဲတော်တွင် ပန်းပွဲတော်နှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်များကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြင်ဦးလွင်ပန်းပွဲတော်ကို ၂၀၁၉ ခုနှစ်မှာ နောက်ဆုံးကျင်းပခဲ့တာပါ။ ကိုဗစ်ရောဂါကူးစက်မှုကြောင့် ၂၀၂၀ ပြည့်နှစ်နဲ့ ၂၀၂၁ ခုနှစ်တွေမှာတော့ မကျင်းပနိုင်ခဲ့ပါဘူး။ အခုနှစ်မှာတော့ နှစ်စဉ်ကျင်းပရက်ဖြစ်တဲ့ ဒီဇင်ဘာ ၁၅ ရက်ကနေ ဇန်နဝါရီ ၁၅ ရက်ထိ တစ်လကြာကျင်းပမှာဖြစ်ပြီး ပန်းပွဲတော်နဲ့အတူ ဂီတဖျော်ဖြေပွဲနဲ့ ဈေးရောင်းပွဲတော်တွေလဲ ထည့်သွင်းသွားမှာဖြစ်ပါတယ်။ ပြင်ဦးလွင် ပန်းပွဲတော်ဈေးရောင်းပွဲတော်အတွက် ပွဲစီစဉ်သူတွေက ဆိုင်ခန်းတွေ စတင်ရောင်းချနေပြီဖြစ်ပါတယ်" ဟု ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ယခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပြင်ဦးလွင်ပန်းပွဲတော်တွင် ဒေသထွက်ကုန်များ၊ ဆွယ်တာအထည်များ၊ လက်မှုပစ္စည်းများ၊ အမှတ်တရပစ္စည်းများ ပါဝင်ရောင်းချနိုင်ရေးအတွက် ဆိုင်ခန်းများကို အရောင်းပြခန်းကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်း စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Elevation ဇာတ်ကားတွင် မင်းသား အန်တိုနီမက်ကေး ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၇**

Lyrical Media ရုပ်ရှင်ကုမ္ပဏီ၏ Elevation ဇာတ်ကားတွင် မင်းသား အန်တိုနီမက်ကေး ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

Elevation ဇာတ်ကားသည် ထိတ်လန့်သည်းဖို့ဇာတ်ကားအမျိုးအစားဖြစ်ပြီး ဖခင်တစ်ဦးနှင့် အခြားအမျိုးသမီး နှစ်ဦးတို့က ကလေးတစ်ဦး၏အသက်ကို ကယ်တင်ရေးအတွက် မကောင်းဆိုးဝါး သတ္တဝါများနှင့် ရင်ဆိုင်ခဲ့ကြပုံကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ရော့ကီးတောင်တန်းဒေသကို နောက်ခံထား၍ ရိုက်ကူးမည်ဖြစ်သည်။

Elevation ဇာတ်ကားတွင် မင်းသား အန်တိုနီမက်ကေးနှင့်အတူ မင်းသမီး မိုရီနာဘက်ကာရင်း၊ မက်ဒီဟက်ဆန်တို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျော့နော်ဖီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Elevation ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Lyrical Media က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# ရန်ကုန်တိုင်းဒေသကြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နှစ် ၅၀ ပြည့် ရွှေရတုသဘင် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နှစ် ၅၀ ပြည့် ရွှေရတုသဘင်အခမ်းအနားကို သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် အောက်တိုဘာ ၁၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ မင်းခင်စိန်က ပြောပြ၍ သိရသည်။

အဆိုပါ အခမ်းအနားတွင် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ နှစ်၅၀ ပြည့် အထိမ်းအမှတ်အဖြစ် အေဒီ ခြောက်ရာစုမှ စတင်ခဲ့သည့် မွန်စာပေနှင့်ပတ်သက်သည့် မွန်စာပေဆိုင်ရာသုတေသန စာတမ်းဖတ်ပွဲများကိုလည်း အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

"မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နှစ် ၅၀ ပြည့် အထိမ်းအမှတ်ပွဲကိုတော့ မွန်ရိုးရာအက၊ တေးဂီတတွေနဲ့ဖျော်ဖြေတင်ဆက်မှုတွေလဲ ပါဝင်သလို မွန်သမိုင်းပြတိုက်လဲ ပါဝင်ပါတယ်။



ပြတိုက်မှာ မွန်စာပေနဲ့ပတ်သက်တဲ့ အထောက်အထားတွေကို ပြသထားသလို မွန်တိုင်းရင်းသားတွေရဲ့ အနုသုခုမဆိုင်ရာ အထောက်အထားတွေ ပြသထားပါတယ်။ ဒါ့ပြင် နှစ် ၅၀ အတွင်းမှာ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီရဲ့ ဆောင်ရွက်ချက်တွေကို ပြသထားပါတယ်။ မွန်ရိုးရာအကနဲ့ ဖျော်ဖြေမှုမှာလဲ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသည့် မွန်တိုင်းရင်းသားရိုးရာ နှစ်ပါးသွားအက စမွားဒွက်အကကိုလဲ ထည့်သွင်းထားပါတယ်" ဟု ဒေါက်တာမင်းခင်စိန်က ပြောပြသည်။

အဆိုပါ ရွှေရတုသဘင်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မွန်တိုင်းရင်းသားမိသားစုများသာမက ဒေသအသီးသီးရှိ မွန်တိုင်းရင်းသားများလည်း တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ၁၁ ဖွဲ့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ASH

# မာဗယ်စတူဒီယို၏ စူပါဟီးရိုးဇာတ်ကားများ၌ မင်းသားကြီး ဟယ်ရီဆင်ဖို့ သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် အောက်တိုဘာ ၁၇**

မာဗယ်စတူဒီယို၏ စူပါဟီးရိုးဇာတ်ကားများ၌ ကမ္ဘာကျော် မင်းသားကြီး ဟယ်ရီဆင်ဖို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

မာဗယ်စတူဒီယို၏ စူပါဟီးရိုးဇာတ်ကားများ၌ သာဒီးယပ်သန်းဒါး ဘိုရော့ ဇာတ်ကောင်နေရာ၌ မင်းသားကြီး ဟယ်ရီဆင်ဖို့ကို ထည့်သွင်းရန် မာဗယ်စတူဒီယိုဥက္ကဋ္ဌ ကီဗင်ဖိတ်က ဆုံးဖြတ်ထားကြောင်း သိရသည်။

မင်းသားကြီး ဟယ်ရီဆင်ဖို့သည် Captain America: New World Order ဇာတ်ကားမှစ၍ မာဗယ်၏ စူပါဟီးရိုးဇာတ်ကားများ၌ သာဒီးယပ်သန်းဒါးဘိုရော့အဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

ယခင်က မာဗယ်၏ စူပါဟီးရိုးဇာတ်ကားများ၌ သာဒီးယပ်ဆန်းဒါးဘိုရော့ဇာတ်ကောင်အဖြစ် ယခုနှစ်နှစ်စပိုင်းတွင် ကွယ်လွန်ခဲ့သော မင်းသား ဝီလျံဟာ့က ပါဝင်သရုပ်ဆောင်ခဲ့သည်။

Captain America: New World Order ဇာတ်ကားတွင် ဟယ်ရီဆင်ဖို့သည် မင်းသမီး ဖလောရင့်ပက်၊ မင်းသား ယက်ရပ်ဆဲ၊ မင်းသမီး အောက်ဂါကူရီလန်ကိုတို့အပါအဝင် နာမည်ကျော် သရုပ်ဆောင်များနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

KKO




# သီပေါမြို့နယ်တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်ပို့ချ

**သီပေါ အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် မြို့လယ်ရပ်ကွက်ရှိ မြို့လယ်မဟာသာသနာ့ဗိမာန်တော်ကြီးတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို အောက်တိုဘာ ၁၆ ရက်မှစတင်ကာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သီပေါမြို့ ခန္တီရာမကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသောပါက မြွက်ကြား၍ သိရသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းသို့ သီပေါမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူဦးရေ ၂၅၀ ခန့် တက်ရောက်ကြပြီး သင်တန်းတွင် သီပေါမြို့ ခန္တီရာမကျောင်းတိုက် ဆရာတော်နှင့် ရေတံခွန်တောင်ကျောင်းတိုက် ဆရာတော်တို့က သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

"အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းသား၊ ကျောင်းသူတွေ အနေနဲ့ ဗုဒ္ဓတရားတော်လာ ဆုံးမစာတွေ၊ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး အခြေခံသိသင့်သိထိုက်တာတွေကို နားလည်သိရှိသဘောပေါက်စေဖို့နဲ့ လိမ္မာယဉ်ကျေးတဲ့ လူငယ်လေးတွေ ဖြစ်လာစေဖို့ ရည်ရွယ်ချက်နဲ့ အောက်တိုဘာ ၁၆ ရက်က စတင်ပြီးတော့ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချပေးနေပါတယ်။ သင်တန်းကာလကတော့ ဒီဇင်ဘာလထိဖြစ်ပါတယ်"ဟု ဆရာတော် ဘဒ္ဒန္တသောပါက က မြွက်ကြားသည်။

သီပေါမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာသင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး သင်တန်းတက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့ပေါ်ရှိ ဘာသာရေးအဖွဲ့အစည်းကလည်း အချိုရည်နှင့်မုန့်များ လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ ASH

# Regional and national economic development can be gained by promoting production businesses based on regional raw material supply



Senior General Min Aung Hlaing meets MSME entrepreneurs of Kayin State.

**Nay Pyi Taw October 17**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs of Kayin State at Zwegabin Hall in Hpa-an this morning and discussed regional economic development.

Present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union ministers U Win Shein, Dr Kan Zaw, U Tin Htut Oo, U Hla Moe, Dr Charlie Than and U Aung Naing Oo, Kayin State Chief Minister U Saw Myint Oo, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, South-East Command commander and officials and state government members and MSME entrepreneurs from Hpa-an.

**Requirements for development of businesses**

The chief minister reported on business operations of MSMEs, industrial zones in the Kayin State and their functions, technical and financial aids for MSME development, promising products of the region and future programs.

Chairman of Kayin State Commerce and Industry Association U Zaw Htay, Chairman of Kayin State Agriculture Entrepreneurs Association U Saw Sae Htoo, representatives of breeders, rice millers, edible oil millers and hoteliers of the state and other attendees represented reports on the gratitude they owe to the State for its assistance for development of MSMEs and agriculture, the required assistance for farmers and development of agriculture in the area, electricity, quality strains and land supply for farming, tourism development undertakings, availability of chemical fertilizers for rubber growers at reasonable prices, provision of agricultural loans, setting up of advanced rubber factories, relaxation of rules for facilitation of corn exports, a trade haulage centre in Hpa-an for smooth flow of goods, dredging of canals along Thanlwin River to prevent flooding.

**Union ministers' sector-wise discussions**

Union minsters made arrangements for facilitation of sector-wise businesses. They explained ministry-wise undertakings, lessons to be taken from global economic crisis, relaxation on border trade, undertakings for economic development, collective efforts to curb illegal trade that still exists despite the development of border trade, potentials for coffee export one of the main crops of the state, ministry-wise endeavours to solve technological and the other shortages, technical and mechanical provisions to manufacture finished goods for export, rural income generation programs, formation of rural cooperative societies and assistance for them, supply of agriculture inputs. The chief minister also looked into the requirements.

**Visit to discuss improving businesses in Kayin State to develop State economy and to fulfill the needs**

In his speech, the Senior General said that he came to Kayin State to discuss improving businesses in Kayin State to develop State economy and to fulfill the needs. Myanmar's economic policy is to realize the market economic system, and the State is to adopt the economic policies. As it is not the centralized system as well as not projected economic system, the government is just to control the policy. Hence, businesspersons need to strive for achieving success of their businesses. But, it is necessary to control the measures not to collapse the State economy and not to harm the interests of citizens.


Senior General Min Aung Hlaing views a local product.

**Encouragement for production based on domestic raw materials**

Business comprises manufacturing and trading. Only when production is high will economy improve. Hence, encouragement is being given to manufacturing. If trading is no supply and demand, prices of commodities will increase. In manufacturing, manufacturing based on domestic raw materials will be more firmed for the economic development of the region and the State. Only when production of raw materials is firm will finished products gain progress with a firm market. Kayin State is endowed with abundant agriculture and livestock products as well as underground and aboveground natural resources. Minerals can be used for products. Due to large volume of limestone in Kayin State, the state can produce cement.

Kayin State is 80 per cent of rice sufficiency. Rice-based industries must be operated without fail, and it is necessary to increase per-acre yield of rice for local sufficiency. Agriculture comprises quality strains, land, water and techniques. Farmlands should be reclaimed to be modern acre plots or hectare plots where land preparation can be made with the use of heavy machinery. Local farmers need to grow domestic quality strains of paddy rather than varieties of paddy strains. High yield of crops needs good agricultural techniques and sufficient agricultural water. The State is striving for distribution of fertilizers for local farmers. Likewise, livestock farming tasks must be done systematically and waste from livestock farms can be used as bio-fertilizer. Green fertilizer and EM bokarshi can be used as natural fertilizers. Broken rice and ban from milling rice can be used as feedstuff production. Kayin State needs qualified rice mills to produce high quality rice. As rice can be used in making foodstuffs, production made of rice in high technology will be beneficial. Likewise, maize products from the local regions should be made as finished products rather than export of raw materials, it will be beneficial. Kayin State achieves success in agriculture and has sound foundation for industries. Efforts must be made for boosting coconut plantation to manufacture coconut products.

*See Page 13*



Senior General Min Aung Hlaing views cars manufactured by Precision Auto Engineering Co Ltd.

*From Page 12*

There are more than 200,000 acres of rubber plantations in Kayin State. Rubber-based finished products can be manufactured in the region. Leather from animals should be efficiently used in making personal goods. If rubber and leather can be used to produce shoes and other high value finished products in Kayin State, it will contribute to local economy. As bamboo production is boosting in Kayin State, various personal goods can be produced with the use of pulp and paper. If products made of bamboo can be manufactured, it will much benefit the region.

With regard to the livestock industry, duck farming is widely carried out in lower Myanmar. If duck is bred systematically, commodity production enterprises based on duck could be operated. Similarly, duck farming is to be systematically carried out. If there is adequate production in fish farming, that will help meet demand of domestic consumption and promote export items. If micro, small and medium enterprises will be operated with the use of raw materials produced locally, there will be development of local businesses.

In terms of the inputs, chemical fertilizer, insecticide, fuel oil and electricity are required. The Government is making efforts to have adequate fuel oil. To save fuel oil, it is necessary to use electricity for the public transport system. If electricity is generated enough, there will be progress not only in transport but in industries. For availability of cultivation water in agriculture, river water could be pumped with the use of solar power. Similarly, hydrological power could be generated through water resources already existing in the region.

Regarding the capital investment, the State has disbursed loans in successive eras but some businessmen did not repay their loans. Tasks are being taken to be able to disburse loans to agricultural businesses and MSMEs. It is essential to repay loans to the State within the set term. We are striving for ensuring prosperity of the nation and security of food, water and provision as a national task. Therefore, loans for capital investment will be disbursed to agricultural businesses and MSMEs.

**Emphasis on ensuring rich human resources**

Qualified human resources are necessary for achieving success in doing business. As there are weaknesses in the country's education sector, skilled workers are scarce. So, measures are being taken to teach agriculture, livestock and technologies at high schools. Plans are also underway to open an agriculture institute and a livestock breeding institute in Hpa-an. Only when there are a lot of educated people, will there be rich human resources. Encouragement should be given in Kayin State to turn out more educated people. The State is encouraging the education promotion of students, and local people are to cooperate in ensuring rich human resources.

**Sweet home attracts guests**

Kayin State is blessed with natural beauties to attract tourism. With the use of such good foundations, efforts can be made to boost local and international tourism. As a sweet home appeals to guests, local people and civil servants working in the region need to cooperate in creating beautiful, pleasant environments, ensuring peace, stability, rule of law and security so as to attract local and foreign tourists. Traditional foods produced from the region must be varied and clean for attraction. The State is encouraging the boosting tourism of Kayin State. And all are urged to cooperate in the effort.

Success can be achieved if all individual businesses are to run systematically. If MSMEs, agricultural and livestock breeding businesses and tourism-related businesses try to work till success is achieved by using the existing good resources in Kayin State, regional economy and socio-economy of the local people will improve, thereby developing the whole region in a short time.

Next, the Senior General cordially greeted the MSME entrepreneurs.

He then interestingly studied the displays of local products such as foodstuffs, consumer goods, industrial goods, traditional handicrafts, clothing and traditional medicines. The Senior General also asked about market situations and the businesspeople briefed him on their respective sectors.

In the afternoon, the Senior General and party visited Precision Auto Engineering Co Ltd, which is a foreign-invested company, in Hpa-an Industrial Zone where they were welcomed by Manager U Myo Thiha and officials. At the briefing hall, the Senior General was reported on nationwide sales of Bajaj brand three-wheeled vehicles, functioning of the factory and charity work for public welfare. The Senior General questioned what he wanted to know.

Then, the Senior General and party viewed the assembling and production of three-wheeled vehicles and other automobiles at the company and were conducted round by officials. Later, the Senior General asked for information about what he wanted to know.

100



Senior General Min Aung Hlaing views part of car assembling.

# Prospects seen at Myawady border trade zone to exceed the target trade volume in 2022-23 FY

**Myawady October 17**

The Ministry of Commerce stated that good prospects can be seen at Myawady border trade zone for exceeding the target trade volume in 2022-23 fiscal year.

Myawady border trade zone is the most reliable camp of trading at the border land, with increasing volume of trade year after year.

In trading with Thailand, the trade volume handled by Myawady border trade zone hit US$420,386 million in the mini budget of 2018, US$969.842 million in 2018-19 financial year, US$1,209.914 million in 2019-20 FY, US$1,944.849 million in 2020-21 FY and US$1,293.312 million in mini budget of 2021-22 FY.

Hence, the trade zone targets to handle US$2,400 million of trade volume in 2022-23 FY. Now, the trade zone has handled a half of the target trade volume.

Both legal and illegal trade processes are happening along the route to Myawady border trade zone. As such, Myawady border trade merchants association, Trade Department, Customs Department, Internal Revenue Department, Immigration and National Registration Department, Myanma Economic Bank and Myanmar Police Force cooperate with other relevant organizations in controlling the illegal trade process.

As the Asia Highway has been constructed, the route to Myawady border trade zone is smooth to transport commodities to Yangon market. As such, good prospects can be seen at Myawady border trade zone to exceed the target trade volume in 2022-23 FY.

336

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects upgrading of Zwegabin sports ground in Hpa-an, defence services hospitals in Hpa-an, Mawlamyine


Senior General Min Aung Hlaing inspects upgrading of Zwegabin sports ground.

**Nay Pyi Taw October 17**

Chairman of State Administration Council Senior General Min Aung Hlaing, accompanied by entourages, Chief Minister of Kayin State U Saw Myint Oo, the commander of the South-East Command and officials, inspected the upgrading tasks of Zwegabin sports ground today.

First, the chief minister and Social Affairs Minister Soe Win reported to the Senior General on completion of upgrading tasks of the sports ground in accordance with the guidance of the Chairman of the State Administration Council Prime Minister at the briefing hall of the sports ground.

After hearing the reports, the Senior General said the sports ground is required to meet the characteristics of a state-level sports ground and it is necessary to take the increasing population in the future into consideration for the long term. Then, the Senior General pointed out the needs to construct a stadium and a swimming pool with diving stands that meet state-level standards near the sports ground and to build a state sport complex that will train athletes of all types of sports and host various sports contests for the development of the sports sector and other needs.

Then, the Senior General and party inspected the upgrading tasks of the sports ground and gave necessary instructions on reports of the officials.

In the afternoon, the Senior General and party proceeded to the defence services hospital in Hpa-an and cordially asked after the health of each Tatmadaw personnel and member of the police and the border guard force who were injured while carrying out national defence duties and are receiving treatments at the hospital. The Senior General spoke words of encouragement to and presented foodstuffs for each of them. Afterwards, the Senior General and party inspected the hospital and attended to the needs reported by responsible officers.

Then, the Senior General and party proceeded to the defence services hospital in Mawlamine and cordially asked after the health of each member of security forces who are receiving treatments at the hospital before speaking words of encouragement to and presenting foodstuffs for each of them. 100


Senior General Min Aung Hlaing presents food to a patient at Hpa-an military hospital.


Senior General Min Aung Hlaing asks after a patient at Mawlamyine military hospital.

# Hot air balloon flights begin operating in the Bagan cultural area

**Bagan October 17**

Hot air balloon flights have started operating in the Bagan cultural area since the open season is about to arrive and tourism has already begun, according to the Yangon-based pilgrim tourism owners who visited the Bagan cultural area for the Thadingyut festival.

The program to visit the beauty of the Bagan cultural area by riding a balloon was opened from October 10 during the festival.

In the balloon flight program, 16 people in a balloon took off from the hotel zone 4 to enjoy the scenic beauty of the ancient pagodas in the Bagan-Nyaung-U culture area, the scenic beauty of the Ayeyawady River, the local palm groves, and the beauty of the natural plants of the upcountry area, such as the neem trees, and landed back at the south-east of Bagan Lodge Hotel, east of Bagan City.

Hot air balloon tours in the Bagan cultural area were conducted as an attraction for domestic and foreign tourists, but were stopped due to the Covid-19 pandemic. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## NATO အဖွဲ့ဝင်နိုင်ငံများ ယခုသီတင်းပတ်မှ အောက်တိုဘာ ၃၀ ရက်ထိ နျူကလီးယားဟန့်တားရေးလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထား



NATO အဖွဲ့ဝင်နိုင်ငံများသည် ယခုသီတင်းပတ်မှ အောက်တိုဘာ ၃၀ ရက် ထိ နျူကလီးယားဟန့်တားရေး လေ့ကျင့်မှု ပြုလုပ်ရန်စီစဉ်ထားကြောင်း မဟာမိတ် အဖွဲ့၏သတင်းစာရှင်းလင်းပွဲတွင် အောက်တိုဘာ ၁၄ ရက်က ထုတ်ပြန်ခဲ့သည်။

ယခုသီတင်းပတ်မှစ၍ ဥရောပ အနောက်မြောက်ပိုင်းရှိ တိုက်လေယာဉ် ဒါဇင်များစွာပါဝင်သော NATO မဟာ မိတ်အဖွဲ့ဝင်နိုင်ငံများမှ လေတပ်များ သည် နျူကလီးယားတားဆီးရေးစွမ်းရည် ကို လေ့ကျင့်ကြလိမ့်မည်ဟု ထုတ်ပြန် ချက်တွင် ဖော်ပြထားသည်။

"အခုသီတင်းပတ်မှ အောက်တိုဘာ ၃၀ ရက်ထိ ပြုလုပ်မဲ့ ဒီလေ့ကျင့်မှုဟာ လုပ်ရိုးလုပ်စဉ်ဖြစ်ပြီး လက်ရှိကမ္ဘာ့ဖြစ်ရပ် တွေနဲ့ ဆက်စပ်မှုမရှိပါဘူး" ဟု NATO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"Steadfast Noon"ဟု အမည်ပေး ထားသည့် အဆိုပါလေ့ကျင့်ခန်းတွင် စတုတ္ထနှင့် ပဉ္စမမျိုးဆက် တိုက်လေယာဉ် များ၊ ထောက်လှမ်းရေးနှင့်ဆီဖြည့်လေယာဉ် အုပ်များအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံ မှ အမျိုးအစားများစွာသော တိုက်လေယာဉ် အစီး ၆၀ ထိ ပါဝင်ပြုလုပ်ကြမည်ဟု NATO က ဆိုသည်။

"ဒီလေ့ကျင့်မှုက မဟာမိတ်အဖွဲ့ရဲ့ နျူကလီးယားအဟန့်အတားဟာ လုံခြုံပြီး ထိရောက်မှုရှိမှာ သေချာစေတယ်" ဟု NATO ပြောရေးဆိုခွင့်ရှိသူ Oana Lungescu ၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ယူကရိန်းတွင်ဖြစ်ပွားနေသော ပဋိပက္ခ နှင့်ပတ်သက်၍ စစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းသင့်သည်ဟု မယူဆကြောင်း NATO အတွင်းရေးမှူးချုပ် Jens Stoltenberg က အောက်တိုဘာ ၁၁ ရက် တွင် ကြေညာခဲ့သည်။ နှစ်စဉ် ပြုလုပ်နေ ကျ Steadfast Noon စစ်ရေးလေ့ကျင့်မှု ကို လာမည့်အပတ်တွင် ကျင်းပမည်ဖြစ် ကြောင်း NATO အကြီးအကဲက ပြော ကြားခဲ့သည်။

ရုရှားနိုင်ငံနယ်နိမိတ်အနီးရှိ NATO ၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုအားလုံးကို မော်စကိုက စောင့်ကြည့်နေကြောင်း ရုရှား လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Sergey Ryabkov က အစောပိုင်းတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

**NATO member states set to hold nuclear deterrence drills starting next week ကို ဘာသာပြန်ဆိုပါသည်။**

## ပြင်သစ်နိုင်ငံက ရေဒါနှင့်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကို ယူကရိန်းသို့ ပံ့ပိုးပေးမည်

ပြင်သစ်နိုင်ငံက ရေဒါနှင့်လေကြောင်း ရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ယူကရိန်း သို့ပံ့ပိုးပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၂ ရက်တွင် ပြင်သစ်သမ္မတ Emmanuel Macron က ကြေညာခဲ့သည်။

ယူကရိန်းနိုင်ငံရှိ အဓိကမြို့ကြီးများကို ဒုံးကျည်များနှင့် ဒရုန်းများဖြင့် ရုရှားစစ် တပ်မှ မကြာသေးမီက တိုက်ခိုက်ခဲ့ပြီး နောက် ပြင်သစ်နိုင်ငံသည် လာမည့် သီတင်းပတ်များအတွင်း ၎င်း၏စစ်ရေး အကူအညီကို တိုးမြှင့်ရန်ဆုံးဖြတ်ခဲ့ပြီး ဒရုန်းများနှင့် ဒုံးကျည်တိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန်အတွက် ရေဒါနှင့် လေ ကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

ယူကရိန်းသို့ပေးပို့မည့် လေကြောင်း ရန်ကာကွယ်ရေးစနစ်အရေအတွက်နှင့် အမျိုးအစားများကို မဖော်ပြထားသော်လည်း "France 24" သတင်းဌာနမှ ထုတ်ပြန် သည့်အချက်အလက်များအရ ပြင်သစ် စစ်ဘက်သည် လက်ရှိ အသုံးပြုနေသော Crotale တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်ကို ပေးပို့သွား နိုင်ဖွယ်ရှိကြောင်း သိရသည်။

ယခုနှစ် မတ်လတွင် ပြင်သစ်သည် ယူကရိန်းကို MISTRAL တာတိုပစ် MANPADS (man-portable air defense system) ပခုံးထမ်းဒုံးလေကြောင်း ရန်ကာကွယ်ရေးစနစ်ကို ပံ့ပိုးပေးထားခဲ့ပြီး ၎င်းစနစ်သည် အများဆုံးမီတာ ၆၀၀၀ အကွာအဝေးတွင် အမြင့် မီတာ ၃၀၀၀ အတွင်းပျံသန်းနေသော Supersonic ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

လက်ရှိတွင် ပြင်သစ်စစ်ဘက်သည် ပြင်သစ်ကုမ္ပဏီ Thales က ထုတ်လုပ်သည့် ရာသီမရွေးတိုက်ပွဲဝင်သည့် တာတိုပစ် multi-sensor လေကြောင်းရန်ကာကွယ် ရေးစနစ် Crotale NG ကို အသုံးပြုလျက် ရှိသည်။ အဆိုပါစနစ်သည် တောင်ပံပုံသေ တပ်လေယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ် များ၊ ခရုဇ်ဒုံးကျည်များနှင့် နည်းဗျူဟာ မြောက်ဒုံးကျည်များကဲ့သို့ ဝေဟင်ခြိမ်း ခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်နိုင် စွမ်းရှိသည်။

ပြင်သစ်စစ်ဘက်တွင် Crotale NG (မျိုးဆက်သစ်)စနစ်သည် တာတိုပစ်မှတ် များကို တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ် ထားသည့် VT1 ဒုံးကျည်ကို ပစ်ခတ်နိုင် သည့် ပစ်ရန်အသင့်ဒုံးကျည် လေးစင်းပါ ဒုံးပစ်လောင်ချာလေးခုပါသည့် 6x6 နောက်တွဲယာဉ်ကို အခြေခံတည်ဆောက် ထားသည်။ အဆိုပါဒုံးကျည်သည် နည်း ဗျူဟာမြောက်ဒုံးကျည်များ၊ ရဟတ်ယာဉ် များ၊ UAV (မောင်းသူမဲ့လေယာဉ်စနစ် များ)နှင့် လှုပ်ရှားစစ်ကစားမှုမြင့်မားပြီး အနိမ့်ပျံတာဝေးပစ်လက်နက်များ သယ် ဆောင်တိုက်ခိုက်လာမည့် လေယာဉ်များ အပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။ အများ ဆုံးတိုက်ပွဲဝင်နိုင်သည့်အကွာအဝေး မှာ ၁၁ ကီလိုမီတာဖြစ်သည်။



**France announces the supply to Ukraine of Crotale air defense missile systems ကို ဘာသာပြန်ဆိုပါသည်။**

## ပြင်သစ်ထုတ် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ခရိုအေးရှားဝယ်ယူရန် ဆွေးနွေးနေ

ခရိုအေးရှားနိုင်ငံက နိုင်ငံ၏ကာကွယ် ရေးမဟာဗျူဟာ တစ်စိတ်တစ်ပိုင်းအဖြစ် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး စနစ်များ ဝယ်ယူရေးနှင့်ပတ်သက်၍ ပြင်သစ်နှင့်ဆွေးနွေးနေကြောင်း ခရိုအေး ရှားကာကွယ်ရေးဝန်ကြီး Mario Banozic က အောက်တိုဘာ ၁၃ ရက်တွင် ပြော ကြားခဲ့သည်။



အောက်တိုဘာ ၁၃ ရက် အစောပိုင်း တွင် Brussels ၌ပြုလုပ်ခဲ့သော NATO ကာကွယ်ရေးဝန်ကြီး ၁၄ ဦး အစည်းအဝေး တွင် Banozic ပါဝင်ခဲ့သည်။ မဟာမိတ် အဖွဲ့ဝင် ၁၄ နိုင်ငံမှထောက်ခံထားသည့် ဂျာမနီနိုင်ငံမှ ဦးဆောင်မှုဖြင့် Arrow 3 သို့မဟုတ် Patriot လေကြောင်းရန်ကာကွယ် ရေးစနစ်များပါဝင်သည့် မဟာမိတ်နိုင်ငံ များ ကို လက်နက်တပ်ဆင်ခြင်းအား European Sky Shield Initiative ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ရန် ပြင်ဆင်ထားသည်ဟု ကာကွယ်ရေးဝန်ကြီး က ပြောကြားခဲ့သည်။ ခရိုအေးရှားသည် လက်နက်အမျိုးအစားများကို မဖော်ပြဘဲ တာတိုပစ်လေကြောင်းရန် ကာကွယ် ရေးစနစ်များနှင့်ပတ်သက်၍ ပြင်သစ်နှင့် ညှိနှိုင်းနေပြီဖြစ်သောကြောင့် ခရိုအေးရှား နိုင်ငံပါဝင်မှုကို ရွှေ့ဆိုင်းထားကြောင်း Banozic က မှတ်ချက်ပြုခဲ့သည်။

"ဒီနှစ်မတ်လက ဇာဂရက်ဘ်မှာ ဒရုန်း ပျက်ကျမှုအပြီး လေကြောင်းရန်ကာကွယ် ရေးကို ဦးစားပေးအဖြစ်သတ်မှတ်ခဲ့ပါ တယ်။ ပထမဆုံး တာတိုပစ်စနစ်တွေနဲ့ (ပြင်သစ်နဲ့ အပြန်အလှန်စကားပြောဆို ရာမှာ) တပ်ခွဲ ၁ ခွဲအဆင့်ရရှိထားပြီးပါပြီ။ ကျွန်တော်တို့ရည်ရွယ်ချက်ကတော့ တပ်ခွဲ ၅ ခွဲကို အချိန်တိုအတွင်း ပိုင်ဆိုင်ထားနိုင် ဖို့ပါပဲ"ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

တာလတ်နှင့် တာဝေးပစ်လေကြောင်း ရန်ကာကွယ်ရေးစနစ်များကိုလည်း ဝယ်ယူ ရေးအစီအစဉ်တွင် ထည့်သွင်းထားကြောင်း ၎င်းကဆိုသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ တွင် ခရိုအေးရှားနိုင်ငံသည် အမေရိကန် ဒေါ်လာ ၁ ဘီလီယံခန့်တန်ဖိုးရှိသော Rafale ဂျက်တိုက်လေယာဉ် ၁၂ စင်းကို ဝယ်ယူရန်အတွက် ပြင်သစ်နှင့် သဘော တူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

တာတိုပစ်လေကြောင်းရန်ကာကွယ် ရေးဒုံးကျည်များထုတ်လုပ်သူ Thales ၏ အဆိုအရ ၎င်းစနစ်သည် အနိမ့်ပျံဒုံးပျံ များအပြင် လေယာဉ်များ၊ မောင်းသူမဲ့ လေယာဉ်များကို ပစ်ချနိုင်စွမ်းရှိကြောင်း သိရသည်။ လှုပ်ရှားစစ်ကစားနိုင်စွမ်း မြင့်မားသော လေကြောင်းပစ်မှတ်များကို no-escape zone (မလွတ်တမ်း) အကွာ အဝေး ၁၅ ကီလိုမီတာ (၉ ဒသမ ၃ မိုင်) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ဘုံလေကြောင်းကာကွယ်ရေးအတွက် NATO က ဖော်ပြခဲ့သော ဖြစ်နိုင်ခြေရှိ သည့် Arrow 3 သို့မဟုတ် Hetz3 လက် နက်စနစ်သည် အစ္စရေးနှင့် အမေရိကန် တို့ ပူးပေါင်းရန်ပုံငွေဖြင့် ထုတ်လုပ်ထား သည့် exoatmospheric ဟိုက်ပါဆော နစ် တာဝေးပစ်ပဲ့ထိန်းဒုံးကျည်ကာကွယ် ရေးစနစ်ဖြစ်သည်။

**Croatia keen to purchase French air defense systems ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများကို သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်တို့က ဇွဲကပင်အားကစားကွင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ခရီးစဉ်၌ လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အားကစားကွင်း ရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးစိုးလွင်တို့က ဇွဲကပင်အားကစားကွင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **အားကစားကွင်းသည် ပြည်နယ်အဆင့်နှင့်လျော်ညီရမည်ဖြစ်ပြီး နောင်တွင်တိုးတက်လာမည့် လူဦးရေတိုးကိုပါ ထည့်သွင်းတွက်ချက်၍ ဝင်ဆံ့မှုကို ရေရှည်မြော်တွေး ဆောက်လုပ်ရမည်ဖြစ်**ကြောင်း၊ အားကစားကွင်းအနီး၌ ပြည်နယ်အဆင့်နှင့်လျော်ညီသည့် မိုးလုံလေလုံ အားကစားရုံအသစ်တစ်ခု ဆောက်လုပ်နိုင်ရေး၊ ဗိုင်ဇင်စင်ပါ အဆင့်မီရေကူးကန် တည်ဆောက်ရေး လျာထားတင်ပြရန်နှင့် **အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားနည်းမျိုးစုံကို အဆင့်မီစွာလေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး ပြည်နယ် Sport Complex တစ်ခုကို ဖော်ဆောင်ပေးရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားကွင်းအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၉ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ရှိ တပ်မတော်ဆေးရုံ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

## တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

**နေပြည်တော်　အောက်တိုဘာ　၁၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃/၂၀၂၁ (မကွေး)၊ ၁၅/၂၀၂၁(ရန်ကုန်)၊ ၄၁/၂၀၂၀(မွန်)၊ ၂၁/၂၀၂၂(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၂(ရောဝတီ)၊ ၄/၂၀၂၂ (ရန်ကုန်)၊ ၅/၂၀၂၂(ရန်ကုန်)၊ ၆/၂၀၂၂ (ရန်ကုန်)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲသို့ တက်ရောက်



**မန္တလေး　အောက်တိုဘာ　၁၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ၊ အောင်မြေသာစံနှင့် အမရပူရခရိုင်တို့အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များဖြင့် စုပေါင်းဖွင့်လှစ်သည့် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသားဦးရေ ၇၀ တို့ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို လိုက်လံကြည့်ရှုရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက လိုက်ပါရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက်

**မန္တလေး　အောက်တိုဘာ　၁၇**




၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ Multi-purpose Stadium တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အသင်းအလိုက် ယှဉ်ပြိုင်နေမှုများနှင့် သရုပ်ပြကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဆုချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြိုင်ပွဲအမျိုးအစားအလိုက် တံခွန်စိုက်ဆု၊ အကောင်းဆုံး အားကစားသမားဆုနှင့် ဆုရရှိသည့်အသင်းများကို ဆုတံဆိပ်နှင့် ငွေသားများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆုရရှိသော အသက် ၁၂ နှစ်အထက် အမျိုးသားဝူရှူး (ထောက်လု)ပြိုင်ပွဲမှ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် အမျိုးသမီးဝူရှူး(ထောက်လု) ပြိုင်ပွဲမှ မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသားဝူရှူး(ဆန်းဆို)ပြိုင်ပွဲမှ ကရင်ပြည်နယ်အသင်းနှင့် အမျိုးသမီးဝူရှူး (ဆန်းဆို)ပြိုင်ပွဲမှ မန္တလေးတိုင်းဒေသကြီး အသင်းတို့ကို တံခွန်စိုက်ဆုနှင့် ငွေကျပ်ငါးသိန်းစီနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ဆုနှင့်ငွေကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကာ အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၂ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို အောက်တိုဘာ ၁၈ ရက်**(ယနေ့)** နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ Channel 7၊ 5 Plus၊ Channel 9၊ တိုင်းရင်းသား Channel၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“မုံရွာမြို့အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသား နှစ်ဦးသေဆုံး”** ခေါင်းစဉ်ဖြင့် ၁၉-၁၀-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ကျိုက်ထီးရိုးဆံတော်ရှင် ဇေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးသည့် ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အောက်တိုဘာ ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၈၄ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၈၈၆၁ ဦး |
| သေဆုံးသူ | ၁၉၄၇၁ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၂၇၅၄ ဦး |

**နေပြည်တော် အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၆ ရက် ည ၈နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀၉၈၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၈၄ ဦး တွေ့ရှိပြီး ယနေ့တွင်တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဆိပ်ခံဇောတံတားတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၇**

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် အများပြည်သူ အားလပ်ရက်များ၌ အပန်းဖြေလာရောက်ရာတွင် ကုန်းလမ်းအပြင် ရေလမ်းဖြင့် လာရောက်လည်ပတ်နိုင်ရန်အတွက် ဆိပ်ခံဇောတံတားတစ်စင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် Regal Strength Co.,Ltd က ငွေကျပ် ၄၄၉ ဒသမ ၅၀၅ သန်းဖြင့် တင်ဒါအောင်မြင်ကာ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။ ထိုဆိပ်ခံဇောတံတား တည်ဆောက်ပြီးစီးပါက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ ကုန်းလမ်း၊ ရေလမ်းဖြင့် လမ်းနှစ်သွယ်ဝင်ရောက်နိုင်သည့်အတွက် အများပြည်သူ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ဆိပ်ခံဇောတံတားတည်ဆောက်ပြီးစီးမှုကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်တည်ဆောက်သွားရန်၊ ရေထဲတွင်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ စံချိန်စံညွှန်းများနှင့်အညီတည်ဆောက်ပြီး ကြံ့ခိုင်မှုရှိစေရန် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ အနေဖြင့် စည်းစည်းလုံးလုံးနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင်လုပ်ဆောင်သွားကြရန်၊ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲများကို အောင်အောင်မြင်မြင်ဖြစ်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်မှာကြားပြီး ဝန်ထမ်းများက အထွေထွေတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်သူများ မြို့ပြဒေသသုံး ဆိုလာစနစ်များ တိုးမြှင့်သုံးစွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်သွားမည်



**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော Smart City များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့ပြဒေသသုံးဆိုလာစနစ်များ တပ်ဆင်အသုံးပြုမှုသည် အခရာကျလှကြောင်း၊ Smart City ၏ အင်္ဂါရပ်များတွင် Energy Efficient Smart Building များ၊ Smart Home များ၊ Electric Vehicle များ၊ Data Centre များ စသည်တို့ပါဝင်ကြောင်း၊ ခေါင်မိုးများပေါ်တွင် တပ်ဆင်အသုံးပြုသည့်စနစ်နှင့် မြေပေါ်တွင် တပ်ဆင်အသုံးပြုသည့် Ground-mounted Solar PV စနစ်များရှိကြောင်း၊ ပြည်သူများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကောင်းများကို ပိုင်ဆိုင်နိုင်စေရန်အတွက် မြို့ပြဒေသသုံးဆိုလာစနစ်များ တိုးမြှင့်သုံးစွဲနိုင်စေရေး အလေးပေးကာ ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယမန်နေ့နံနက်ပိုင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Horizon Lake View ဟိုတယ်ရှိ Ground-mounted ဆိုလာစနစ်များကို စစ်ဆေးစဉ် တာဝန်ရှိသူများကို ပြောကြားသည်။

ဆက်လက်၍ ဆိုလာစနစ်တာဝန်ခံက ၄၄၅ ဝပ်ကို Monocrystalline Silicon ဆိုလာမော်ကျူးအခု ၁၅၆၀၊ ကီလိုဝပ် ၁၁၀ အင်ဗာတာ ငါးခုတို့ဖြင့် တပ်ဆင်စွမ်းအား ၆၉၄ ကီလိုဝပ်ရှိသည့် Ground-mounted Solar PV System ကို တပ်ဆင်လျက်ရှိကြောင်း၊ ဟိုတယ်အတွင်း မြေနေရာရရှိမှုအပေါ် အခြေခံလျက် ထပ်မံတပ်ဆင်ရန်လည်း စီမံလျာထားပါကြောင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားပြီး Ground-mounted Solar PV System တပ်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဦးရေနှင့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှုအခြေပြဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြိုင်ပွဲဝင်လူဦးရေ | | | ရွှေ | ငွေ | ကြေး | နှစ်သိမ့်ဆု | အထူးဆု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | | | | | |
| ၁ | ရန်ကုန် | ၁၃၇ | ၁၀၅ | ၂၄၂ | ၇၈ | ၃၂ | ၁၅ | ၃ | | ၁၂၈ |
| ၂ | မန္တလေး | ၁၂၅ | ၉၅ | ၂၂၀ | ၃၂ | ၂၉ | ၂၀ | ၇ | | ၈၈ |
| ၃ | ဧရာဝတီ | ၉၈ | ၉၅ | ၁၉၃ | ၁၄ | ၁၉ | ၁၆ | ၉ | | ၅၈ |
| ၄ | ပဲခူး | ၉၉ | ၇၈ | ၁၇၇ | ၁၁ | ၁၁ | ၅ | ၅ | ၁ | ၃၃ |
| ၅ | ကရင် | ၄၂ | ၅၇ | ၉၉ | ၁၀ | ၄ | ၅ | ၁ | | ၂၀ |
| ၆ | စစ်ကိုင်း | ၇၄ | ၅၅ | ၁၂၉ | ၈ | ၁၀ | ၁၁ | ၇ | | ၃၆ |
| ၇ | မကွေး | ၉၂ | ၇၄ | ၁၆၆ | ၆ | ၇ | ၄ | ၅ | | ၂၂ |
| ၈ | ချင်း | ၃၂ | ၃၆ | ၆၈ | ၅ | ၆ | ၇ | ၃ | | ၂၁ |
| ၉ | ရခိုင် | ၁၇ | ၄၉ | ၆၆ | ၃ | ၇ | ၈ | ၂ | | ၂၀ |
| ၁၀ | တနင်္သာရီ | ၄၈ | ၆၂ | ၁၁၀ | ၃ | ၈ | ၇ | ၅ | | ၂၃ |
| ၁၁ | ကယား | ၂၅ | ၅၇ | ၈၂ | ၃ | ၁ | ၅ | ၁ | | ၁၀ |
| ၁၂ | မွန် | ၂၈ | ၆၃ | ၉၁ | ၂ | ၄ | ၇ | ၁ | ၁ | ၁၅ |
| ၁၃ | ကချင် | ၃၁ | ၆၃ | ၉၄ | ၂ | ၂ | ၅ | ၂ | | ၁၁ |
| ၁၄ | ရှမ်း | ၃၉ | ၆၂ | ၁၀၁ | ၁ | ၈ | ၅ | ၅ | | ၁၉ |
| | စုစုပေါင်း | ၈၈၇ | ၉၅၁ | ၁၈၃၈ | ၁၇၈ | ၁၄၈ | ၁၂၀ | ၅၆ | ၂ | ၅၀၄ |

**မှတ်ချက်။** တိုင်းရင်းသား၊ ကျေးလက်ရိုးရာအက ဖျော်ဖြေခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုကို အထူးဆု(ဒိုင်း) ၁၄ ခု ချီးမြှင့်ပေးအပ်ခဲ့မှုကို အခြေပြဇယားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

# မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာအတွင်းရှိ နေအိမ်များကို AA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့

**နေပြည်တော် အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာအတွင်းရှိ လူနေအိမ်များကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် AA အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ကျေးရွာရှိ လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် ဖားဝပ်ချောင်းကျေးရွာ၏ တောင်ဘက် မီတာ ၂၀၀ ခန့်အကွာသို့အရောက်၌ AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ AA အဖွဲ့က ဖားဝပ်ချောင်းကျေးရွာအတွင်းသို့ ဝင်ရောက်ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းနောက် AA အဖွဲ့က ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ကျေးရွာ၏အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျန်နေအိမ်များကို မီးကူးစက်လောင်ကျွမ်းမှုမရှိစေရေး ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူနေအိမ်များအား မီးရှို့ဖျက်ဆီးထွက်ပြေးသွားခဲ့သည့် AA အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်းလျက်ရှိကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မောင်တောမြို့နယ် ဖားဝပ်ချောင်းကျေးရွာအတွင်းရှိ နေအိမ်များကို AA အဖွဲ့က မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။**



# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၅၉၈၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၂၀၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသည့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော Lenovo Think Pad အမျိုးအစား laptop အဟောင်း ငါးလုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် မော်တော်ကားအပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Myanmar Yangon Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမှ မိုင်းရယ်သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် စက်မှုကုန်ကြမ်းပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် NISSAN အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့နယ် ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ လီတာ ၃၀၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀၊ Lactasoy အချိုရည် ၁၂၂ ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၁၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် HIGER KLQ 6123K အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၅၁၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း တရားမဝင်သစ်မာ ၂ ဒသမ ၉၃၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၄ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၉၆၆၃၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ရွှေကျေးရွာနေ ရန်လင်းသည် ၎င်းအသုံးပြုသည့် "Yan Linn"Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြင်သာရပ်ကွက်နေ စောမြင့်ကြူသည် ၎င်းအသုံးပြုသည့် "Myatnoe Khin" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ် ညောင်လုကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော် တစ်ပါးပျံလွန်တော်မူပြီး နှစ်ပါး ဒဏ်ရာရရှိ



PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ပျံလွန်တော်မူခဲ့သည့် ဦးနန္ဒာစရိယကို တွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးပညာဓဇောတကို တွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထား သည့် မိုင်းပေါက်ကွဲမှုကြောင့် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးဇာဂရ္ဂြာစရိယကို တွေ့ရစဉ်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်တိုက်)မှ ဦးပညာဓဇောတပါ သံဃာတော် သုံးပါးသည် ညောင်လုကျေးရွာအနီးအရောက်၌ လက်လုပ်မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သည့် တည်နေရာပြ Google မြေပုံ။




**နေပြည်တော် အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ အမှတ်(၁၂) ရပ်ကွက် မဟာဝိသုတာရာမ (အလယ်တိုက်)ရှိ သာသနာ့ဝံသကျောင်းမှ ဦးပညာဇောတ သက်တော် ၃၄ နှစ် သိက္ခာတော် ၁၄ ဝါ (ဘ)ဦးစံမြင့်၊ ဦးနန္ဒာစရိယ သက်တော် ၃၃ နှစ် သိက္ခာတော် ၁၃ ဝါ (ဘ)ဦးပြုံး၊ ဦးဇာဂရ္ဂြာစရိယ သက်တော် ၃၃ နှစ် သိက္ခာတော် ၁၃ ဝါ (ဘ)ဦးအောင်လွင်၊ ဦးဝိစာရ သက်တော် ၃၂ နှစ် သိက္ခာတော် ၁၂ ဝါ (ဘ)ဦးမောင်ငွေတို့ ပါဝင်သည့် သံဃာတော် လေးပါးသည် ယာဉ်အမှတ်၊ MDY-RLG-1472 အမျိုးအစား NI-SSAN အနက်ရောင်ယာဉ်ဖြင့် ပခုက္ကူမြို့နယ် ပေါက်တောကျေးရွာရှိ ဦးပညာဇောတ၏ နေအိမ်သို့အလည်သွားရောက်ရန် ဦးပညာဇောတ မောင်းနှင်ပြီး ပခုက္ကူမြို့မှတစ်ဆင့် ပခုက္ကူ-ဆိပ်ဖြူသွားကား လမ်းအတိုင်းသွားရောက်စဉ် ညောင်လုကျေးရွာအဝင် မီတာ ၅၀ ခန့်ကွာ အရောက်၌ လမ်း၏ယာဘက် ငါးပေခန့် အကွာမှ PDF အမည်ခံ အကြမ်းဖက် သမားများထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို နင်းမိပေါက်ကွဲခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဦးပညာဇောတတွင် ဝဲပခုံးမိုင်းစထိမှန် ဒဏ်ရာ၊ ယာပေါင်မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)၊ ဦးနန္ဒာစရိယတွင် ဦးခေါင်း ဝဲဘက်ခြမ်းမိုင်းစထိမှန်ဒဏ်ရာ၊ ယာပခုံး မိုင်းစထိမှန်ဒဏ်ရာ(စိုးရိမ်ရ)၊ ဦးဇာဂရ္ဂြာ စရိယတွင် ယာပခုံး၊ ယာလက်မောင်း မိုင်းစထိမှန်ဒဏ်ရာ၊ ဝဲလက်ဖမိုး မိုင်းစ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ဦးဝိစာရ သက်တော် ၃၂ နှစ် သိက္ခာတော် ၁၂ ဝါ (ဘ)ဦးမောင်ငွေတွင် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သည့် သံဃာတော် လေးပါးအား ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုများ ပြုလုပ်ပေးနေစဉ် ည ၇နာရီခွဲခန့်တွင် ဦးနန္ဒာစရိယမှာ ရရှိ ဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့ပြီး သံဃာတော်နှစ်ပါးအား ဆေးကုမှုများ ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမား များအနေဖြင့် ၎င်းတို့နှင့် အမြင်တူညီခြင်း မရှိသည့် အရပ်သားများနှင့် သံဃာတော် များကိုလည်း ပစ်မှတ်ထားကာ လုပ်ကြံ သတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများ ကို သက်ဆိုင်ရာသို့ အချိန်မီသတင်း ပေးပို့နိုင်ရန် အသိပေးကြေညာအပ် ပါသည်။

# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**နမ့်ဆန် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရုံးအစည်းအဝေးခန်းမ တွင် ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရှေးဦးစွာ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဒေသအုပ်ချုပ်ရေးမှူး ဦးတာသိန်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နမ့်ဆန်ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းမောင်ထွေးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ချေးငွေထုတ်ချေးပေးရ ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်ဆန်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းထွန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထုတ်ချေးပေးရခြင်းရည်ရွယ်ချက်၊ ချေးငွေမထုတ်ချေးမီနှင့် ထုတ်ချေးပြီးနောက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံ ငွေထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းအစည်း အဝေးသို့ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် နမ့်ဆန်မြို့နယ်အတွင်းရှိ တောင်ကျော်(အထက်)၊ကွမ်ဟယ်၊စခန်းသာ၊ လွယ်ခမ်းကျေးရွာများမှ ကျေးရွာကော်မတီ ဝင် ၄၂ဦးတက်ရောက်ကြပြီး ကျေးရွာ ကော်မတီများက စီမံကိန်းချေးငွေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုတင်ပြ ဆွေးနွေးခဲ့ကြကြောင်း နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

# သာပေါင်းမြို့နယ်တွင် နေကြာ ၃၅၂၆ ဧကစိုက်ပျိုးမည်



**သာပေါင်း အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၃၅၂၆ ဧကကို လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာကို သီးထပ်သီးနှံအဖြစ် ၂၅၂၆ ဧကနှင့် သီးညှပ်သီးနှံအဖြစ် ဧက ၁၀၀၀ စုစုပေါင်း ဆီထွက်သီးနှံနေကြာ ၃၅၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ ဒုတိယပတ်တွင် စီမံချက်ချမှတ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာလျာထားချက် ၃၅၂၆ ဧက စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ နေကြာ ၃၅၂၆ ဧက စိုက်ပျိုးသွားဖို့ ပြင်ဆင်ဆောင်ရွက်နေပါပြီ။ သီးထပ်သီးနှံအဖြစ် နေကြာ ၂၅၂၆ ဧက သီးသန့်စိုက်ပျိုးသွားမှာဖြစ်တယ်။ သီးညှပ်သီးနှံအနေနဲ့ ဧက ၁၀၀၀ စိုက်ပျိုးသွားဖို့ပြင်ဆင်နေပါတယ်။ ဆီထွက်သီးနှံနေကြာကို စီမံချက်လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက နည်းပညာသင်တန်းတွေ တက်ထားပြီးဖြစ်ပါတယ်။ တောင်သူတွေကို နည်းပညာတွေပို့ချ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ သာပေါင်းမြို့နယ်က တောင်သူတွေက နေကြာကို မစိုက်တာကြာခဲ့ပေမဲ့ စိုက်ပျိုးဖူးတဲ့ အတွေ့အကြုံရှိပါတယ်”ဟု သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြောပြသည်။

သာပေါင်းမြို့နယ်တွင် တောင်သူများ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနိုင်ရန်အတွက် နေကြာမျိုးစေ့များကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး နေကြာ စတင်စိုက်ပျိုးသည့်အခါတွင်လည်း တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့်နည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ နေကြာမျိုးကောင်းမျိုးသန့် အသုံးပြုမှုများ၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရန်အချက်များ စသည်တို့ကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် သဲပုံကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မြဝတီ အောက်တိုဘာ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိသည့် သဲပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ သဲပုံကျေးရွာ၌ စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်း စာရင်းဇယားဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး စုစုပေါင်းအသင်းသား ၁၅၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ သန်း ထုတ်ချေးလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်နိုး**

# ပြည်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပြည် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက လယ်တီစုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက VDP စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ချပြရှင်းလင်းသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းနှင့်ပတ်သက်သည့် သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးပြောကြားခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်မြို့နယ်အတွင်းရှိ ခွေးရဲစုအရှေ့ကျေးရွာ၊ မြောင်းဆုံကျေးရွာ၊ ဖောင်တင်ကျေးရွာ၊ လှော်ထုံးအရှေ့ကျေးရွာနှင့် လယ်တီစုကျေးရွာတို့၌ ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျေးရွာငါးရွာတွင် စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။

**သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၀၃၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၂၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# စကားခွန်အား

မောင်နှင်းဆီ

လူတွေဟာ ထမင်းစားပြီး အဲဒီအစာအာဟာရနဲ့ အသက်ရှင်ကြရတယ်ဆိုတာကို လူတိုင်းက သိကြပါရဲ့။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် မနက်စာ၊ ညစာရှာဖွေစားသောက်မှသာ အသက်ဓာတ်က ရှင်သန်ရပေတာကိုး။

လူသားတွေမှာ ပါးစပ်ဆိုတာ ပါရှိလာခြင်းရဲ့ တကယ့်အကြောင်းရင်းက အသက်ရှင်ရပ်တည်ရေး အတွက် မှန်ကန်စွာနဲ့ ကောင်းမွန်စွာ အသုံးချတတ်ဖို့ရာ လိုပါတယ်။ စားတဲ့အခါ အရသာရှိတာကို ကောင်းကောင်း စားချင်တယ်။

ပါးစပ်အစားမှားလို့ သေသူက ရှားပါတယ်။

ပါးစပ်အပြောမှားလို့ ဒုက္ခရောက်တတ်တာကိုတော့ လူတိုင်းအမှုမဲ့အမှတ်မဲ့နဲ့ အန္တရာယ်ကြီးတာကို မသိမြင်သူများနေပါသေးတယ်။ ပါးစပ်ရဲ့ အဓိက အလုပ်နှစ်ခုမှာ စကားပြောခြင်းအရာ။ ဒီတစ်ခုပါတယ်။ သတိပြုဆင်ခြင်စရာတွေကို စေတနာကောင်းတရားနဲ့ ကြေညာမောင်းများ ခတ်ပါရစေခင်ဗျာ။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြစေလိုတယ်။

အန္တရာယ်ဟူသမျှ မြူမျှမကပ်ငြိပါစေနဲ့။

ကိုယ့်ပါးစပ်ကြောင့် ဆရာကာပြန်၊ အာခေါင်လှံစူးဆိုတဲ့ ပုံပြင်လည်း ကြားဖူးကြမှာပေါ့။

မမှန်တဲ့စကား၊ မသမာတဲ့စကား၊ မဟုတ်တဲ့စကား၊ လူတစ်ဖက်သားကို မဟုတ်မမှန်ပုတ်ခတ်ထိပါးတဲ့၊ ထိခိုက်နစ်နာစေတဲ့ စကားမျိုးကို မပြောသင့်ပါ။ မဆိုထိုက်ပေ။ မုသာဝါဒဆိုတဲ့အထဲမှာ မဟုတ်မမှန်စကား၊ ယုတ်ညံ့တဲ့စကား၊ ရိုင်းစိုင်းတဲ့စကား၊ အနှစ်မရှိတဲ့စကား၊ နားဝင်ခါးစေတဲ့၊ အမှတ်ယူမှားစေတဲ့၊ ပုတ်ခတ်ထိပါးတဲ့ စကားမျိုးတွေက မပြောအပ်ပါဘူး။

ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကာလဆီလောက်ကတည်းက လိုက်နာကျင့်သုံးခဲ့ကြတဲ့ တိုင်းကြီးပြည်ကြီးသား၊ နိုင်ငံကြီးသား၊ ယဉ်ကျေးမှုဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းထဲက လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးကြရတဲ့ ယဉ်ကျေးမှု လူ့ကျင့်ဝတ်ပဲမဟုတ်လား။

စာဖတ်သူများ သိပြီးသားပါ။

လူ့အဖွဲ့အစည်းထဲတွင် အားလုံးအပါအဝင်လေ။

မြန်မာ့ယဉ်ကျေးမှုအရ စကားအရာ အင်္ဂါ ငါးဖြာတဲ့။ မိကောင်းဖခင်သားသမီးမှန်ရင် စကားကိုဒီလိုပဲ ပြောလေ့ရှိကြတယ်-

**၁။ မှန်ကန်ရမယ် (တာဝန်ယူနိုင်ရမယ်)၊**

**၂။ သိမ်မွေ့ရမယ်၊**

**၃။ မေတ္တာစိတ်နဲ့ ပြောဆိုအပ်တယ်၊**

**၄။ အကျိုးစီးပွားနဲ့စပ်တဲ့ စကားဖြစ်ရမယ် (ကုသိုလ်၊ သုစရိုက်ကိစ္စ၊ အလုပ်မှ ဘဝကို အကျိုးစီးပွားအမှန်တရားလေ၊ အကုသိုလ် ဒုစရိုက်အလုပ်မျိုးနဲ့ပတ်သက်ဆက်စပ်တာမျိုးဆိုရင် ရှောင်ကြဉ်ရမှာပဲ)၊**

**၅။ အခါကာလအားလျော်စွာ ပြောဆိုအပ်တယ်။**

ဒါဟာ ဘာသာတရားအဆုံးအမမှသည် ယဉ်ကျေးမှုထွန်းကားတဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ သမိုင်းနဲ့ချီပြီး ခိုင်မာတည်တံ့ခဲ့တဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေပဲ ဖြစ်ပါတယ်။ အလေးထားအပ်တယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ဆက်သွယ်ပြောဆိုကြတဲ့ ဘာသာစကားပေါင်း ဘယ်လောက်ရှိနေတယ်ထင်သလဲ။ ဘာသာစကားအမျိုးပေါင်း ၇၀၀ ကျော်ရှိကြပါသတဲ့။ တရုတ်နိုင်ငံမှာ လူမျိုးစု ၅၆ မျိုးရှိကြပါတယ်။ ဘာသာစကား မတူကြပါဘူး။

မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ တရုတ်ပြည်ရဲ့ပြည်နယ်က ယူနန်ပြည်နယ်ပါ။ ယူနန်ပြည်နယ်ထဲမှာ လူဦးရေက မြန်မာပြည်နဲ့ မတိမ်းမယိမ်းပါပဲ။ လူမျိုးပေါင်းတော့ ၃၆ မျိုးရှိကြတယ်။ ဂျိမ်းဖော့၊ တိုင်၊ ဝ၊ တအန်း၊ လားဟူ၊ လီဆူ စတဲ့ လူမျိုးတွေလည်း ပါဝင်ကြတယ်။ လူမျိုး ၃၆ မျိုးစလုံးက ကိုယ်ပိုင်ဘာသာစကားရှိကြပါတယ်။ အဲဒါကို ရေးသားကြ၊ ပြောဆိုကြပါတယ်။ သူတို့ တိုင်းရင်းသားစကား။

မြန်မာတိုင်းရင်းသား လူမျိုးတွေလည်း ဘယ်လိုပဲ ဘာသာစကားကွဲပြားကွဲပြား၊ အထက်ကဖော်ပြခဲ့တဲ့ အင်ဒိုနီးရှားတို့၊ တရုတ်တို့ နိုင်ငံကြီးတွေအပါအဝင် ဘာသာစကား ၄၅၀၀ ကျော်(အချို့ကတော့ တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်သွားနေကြတယ်ဆိုရဲ့) ဘာသာစကားနဲ့ပဲပြောပြော၊ အထက်က စာရေးသူတင်ပြခဲ့တဲ့စကားအရာ အင်္ဂါငါးဖြာ မဖြစ်မနေလိုက်နာအပ်တဲ့ အချက်တွေပဲဆိုတာ ကျယ်ကျယ်ပြန့်ပြန့် မြင်သာစေရန် ဖော်ပြရခြင်းပါ။

မြန်မာစကားနဲ့ ပြောဆိုတယ်။

မြန်မာစာနဲ့ ရေးသားတယ်။

တယ်လီဖုန်းမျက်နှာပေါ်မှာ ရှန့်ရင်းဆိုးဝါးလှတဲ့ စကားတွေ၊ စာတွေကိုပြောကြ၊ ရေးကြတာ ဖတ်ရတဲ့အခါ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ တကယ်ပဲ ရှက်မိပါရဲ့။ ကိုယ့်လူမျိုးထဲက. . .

အင်ဒိုနီးရှားလူမျိုး စကားပေါင်း ၇၀၀ အမျိုးကွဲတွေမှာလည်း ဒီလိုပဲ ရိုင်းစိုင်းဆဲရေးပုတ်ခတ်ရန်လုပ်နေကြတာပဲလား။

တရုတ်နိုင်ငံထဲက ဘာသာစကား ၅၆ မျိုး ပြောဆိုရေးသားကြရာမှာကော မြန်မာအချို့ ရိုင်းစိုင်းကြမ်းတမ်းနေသလိုမျိုး တယ်လီဖုန်းရဲ့ Online Media မျက်နှာပေါ်မှာ ရေးကြ၊ ပြောကြတာပဲလား။ စာရေးသူမသိပါ။ စာရေးသူက ဗဟုသုတလည်းရှိလှသူ မဟုတ်ပါ။

ကိုယ်သိသမျှ၊ မှတ်သမျှ သေးသေးလေးတွေကိုပဲ တင်ပြမျှဝေနေတာဖြစ်ပါတယ်။ ဒါဆိုရင် ဘယ်မှုဘယ်အယူအဆ၊ ဘယ်သူတွေရဲ့ ဩဝါဒနဲ့ ပြောဆိုရေးသားနေတာလဲ မေးရင်တော့ ဖြေရပေမှာပေါ့။

**၁။ အလုပ်ပဲလုပ်လုပ်၊ စကားပဲပြောပြော၊ စာပဲရေးရေး စိတ်ကောင်းရှိဖို့က ပထမတဲ့။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင် ဇနကာဘိဝံသ လက်စွဲဟောကြားတဲ့ တရား။**

**၂။ စာဆိုတာ စိတ်ကို ရေးခြင်းဖြစ်တယ်။ ဆရာကြီး ပီမိုးနင်းက ရှင်းပြခဲ့တယ်။**

**စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးမှ ဖြစ်ပါမယ်တဲ့။** ကဗျာဆရာကြီး ဇော်ဂျီက မကြာခဏ ရေးသားဟောပြောလေ့ရှိခဲ့ပါတယ်။

လက်ကိုင်တယ်လီဖုန်းပေါ်မှာ စာရေးရတာ လွယ်ကူအဆင်ပြေလေတော့ လူအချင်းချင်းဆက်သွယ်ကြရတဲ့ စကားပြောခြင်း၊ စာရေးခြင်းတွေဟာ သက်သာတဲ့အပြင် ထိရောက်လာတာပေါ့။ အကျိုးရှိပါတယ်။

ဒါပေမဲ့ မြန်မာစာ၊ မြန်မာစကား။ လေလှိုင်းမီဒီယာမှာ ကြားနေ၊ တွေ့နေရတဲ့ စကားတွေ၊ သတင်းတွေကဖြင့် မှန်တဲ့သတင်း အမှန်ထက် မမှန်ကန်တဲ့ သတင်းများတွေက မှိုင်းတိုက်သလို ပိုများနေခဲ့တယ်။ Face-book မြန်မာစာနဲ့ ရေးလို့ရတဲ့အချိန်ကစပြီးတော့ဆိုပါတော့။

Nay Kaung Lar?

အင်္ဂလိပ်စာကို အဲဒီလိုရေးပြီး ပြောဆိုကြတာမျိုး ယခုအခါ မရှိတော့ပေမယ့် လွန်ခဲ့တဲ့ ဆယ်နှစ်ခန့်က လူငယ်အချို့ ရေးလေ့ရှိခဲ့တယ်။ ယနေ့အထိလည်း မြန်မာစာကို စာလုံးပေါင်းမမှန်၊ သတ်ပုံမှား၊ ဝါကျမဟုတ်၊ စာပိုဒ်မချော၊ ပြောနေရေးနေကြတာလေးတွေ ရှိနေဆဲပါလေ။ တဖြည်းဖြည်းနဲ့ ပိုကောင်းလာကြမှာပါ။

စာတတ်သူတိုင်း စာရေးနိုင်ခွင့်ရှိတာ အင်မတန်ကောင်းမွန်ထိရောက်တဲ့ ကွန်ပျူတာနည်းပညာရဲ့ တိုးတက်ပြောင်းလဲမှု၊ အကျိုးပြုမှုပဲ။ ချီးကျူးရမှာဖြစ်ပါတယ်။ ကောင်းကျိုးများများရအောင် သုံးတတ်ကြစေချင်တယ်။ အကျိုးအရှိဆုံး သုံးကြရအောင်။

အမှိုက်သရိုက် အညစ်အကြေး၊ အဆိပ်အတောက်၊ ဘေးဖြစ်စေမယ့်၊ အန္တရာယ်ကျရောက်စေမယ့် စကားမျိုးတွေ၊ စာမျိုးတွေ နည်းပါးစေချင်ပါတယ်။

မြန်မာနိုင်ငံမှာ စာရင်းအရ သတင်းမီဒီယာသမားပေါင်း ၅၀၀၀ ကျော်ရှိနေပါတယ်။ စနစ်တကျသတင်းယူနည်း၊ သတင်းရေးနည်း၊ သတင်းပေးနည်း၊ သတင်းအကဲဖြတ်စိစစ်နည်း၊ သတင်းမီဒီယာ သင်တန်းတွေ တက်ဖူးသူက ၂၀၀ တောင်မရှိဘူးလို့ သိရပါတယ်။ ၄၈၀၀ သော သတင်းသမားတွေကတော့ မီဒီယာမျိုးစုံမှာ ရေးနေပေးနေ၊ တင်နေကြတာဟာ ကြာပါပြီ။ တစ်ရက်လည်းမဟုတ်။ တစ်လလည်းမဟုတ်။ တစ်နှစ်လည်းမဟုတ်။ ကြာညောင်းရက်ရှည်လာတဲ့အခါ အများညီရင် ဤကို ကျွဲဖတ်မှ အမှန်လို့တောင် အချို့က ထင်မှတ်ကြပါလေရော။

“ဤကို ဘယ်သောအခါမှ ကျွဲလို့ မဖတ်ရပါ”။

စာတတ်အောင်သာ သင်ကြရမှာပါ။ မမှားပါနဲ့။

ဘယ်သူကိုမှ အပြစ်မတင်လိုပါ။ လက်ရှိအခြေအနေ ပကတိအရှိတရားမှာ ထင်ရှားမြင်သာပါတယ်။

သတင်းဆိုင်ရာ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေတွေကို နားလည်လိုက်နာကျင့်သုံးကြရမယ့် သတင်းမီဒီယာသမားအချို့ရော၊ သာမန်မသိနားမလည်သော အိုင်တီမီဒီယာအသုံးပြုပြောဆိုရေးသားနေကြသူများရော အားနည်းခဲ့ကြတယ်။

ဥပမာတစ်ခုပဲ ပြောပါမယ်။ ကမ္ဘာနဲ့အဝှမ်း ကူးစက်မြန်အဆုတ်ရောင်ကပ်ရောဂါ ရောက်ရှိလာနေပါပြီ။ အများနဲ့ လူစုလူဝေးအခြေအနေမျိုး မလွှဲမရှောင်သာလို့ လုပ်ရကျင်းပရရင် တစ်ဦးချင်း နှာခေါင်းစည်း တပ်ရမယ်လို့ သက်ဆိုင်ရာက အသိပေးညွှန်ကြားတယ်။ လွှတ်တော်မှာ တက်နေကြတဲ့ တပ်မတော်အရာရှိအားလုံးက နှာခေါင်းစည်း တပ်ဆင်လိုက်နာတယ်။ ၂၀၂၀ ကာလ။

အာဏာရပါတီအမတ်အများစုက မတပ်တဲ့အပြင် တပ်သူကိုပင် ဟားတဲ့လေသံမျိုးနဲ့ လှောင်သလိုလို၊ ကလိသလိုလို ရေးတာမျိုးတွေ ဖတ်ရတယ်။

စိတ်မကောင်းစရာပဲ။ အများစုက နားလည်သဘောပေါက်ခြင်းမရှိတာထားဦး။ ခေါင်းဆောင်နေရာ **ဥပဒေပြုအာဏာ လက်ရှိတာဝန်ယူနေကြသူအချို့ရဲ့ အသိဉာဏ်ခေါင်းပါးမှုနဲ့ သဘောထားနိမ့်ကျအားနည်းမှုဟာ မြန်မာနိုင်ငံအတွက် နှစ်နှစ်အတွင်း ရောဂါကူးစက်သေဆုံးရသူ နှစ်သောင်းနီးပါးဖြစ်ပွားခဲ့ရတယ်။** ပြည်သူကျန်းမာရေးထက် သူတို့အာဏာရေး။ ပြီးခဲ့ပြီးသားအခြေအနေကို မည်သူ့ကိုမှ အပြစ်မဆိုပါ။ ကာကွယ်ဆေးတစ်ချောင်းလေးတောင် မပေးခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုလည်း အပြစ်မတင်ပါ။ ဘာဆိုဘာမှ ဆေးဝါးမကူညီခဲ့တဲ့ အမေရိကန်နဲ့ ဗြိတိန် စတဲ့ ချမ်းသာကြွယ်ဝ အနောက်နိုင်ငံတွေကိုလည်း ဘယ်လိုမှ သဘောမထား။ ရှိပါစေလေ။

ဆေးဝါးမကူမပံ့လို့ ပြဿနာမရှိပါ။ ကိုယ့်အားကိုယ်ကိုး ဖြေရှင်းအောင်မြင်ခဲ့ပြီးပါပြီ။ ကူညီခဲ့ကြတဲ့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ရုရှားနိုင်ငံတွေကိုလည်း ကျေးဇူးတင်ရပါတယ်။

ဆိုးတာက သတင်းမီဒီယာနဲ့ နှောင့်ယှက်ဖျက်ဆီးပြီး မှိုင်းတိုက်တာ။ ကြမ်းသည်ထက်ကြမ်းလာ၊ ရမ်းသည်ထက်ရမ်းလာပြီး ရိုင်းသည်ထက်ရိုင်းစိုင်းသွားကြပြီ။

အမြင်မှား၊ အထင်မှား ဝေဝါးရှုပ်ထွေး၊ အတွေးအယူလွဲမှားအောင် ဆွဲဆောင်ကျုံးသွင်း သတင်းအတုတိုက်ကျွေးခံခဲ့ရတယ်။ အချိန်ရှည်ကြာ ထပ်ခါထပ်ခါ အဆက်မပြတ် နားသွင်းခြင်းဒဏ်ကို ခံစားခဲ့ရ။

အမြင်အကြား လိမ်ညာလှည့်စားမှုများ၊ သတင်းအချက်အလက်သာမက အယူအဆတွေပါ လွဲမှားသွေဖည်အောင် ယိုယွင်းဖောက်ပြန်စေခဲ့ပြီ။ ကိုယ့်နိုင်ငံကိုပင် ကိုယ်တိုင်ပြန်လည် ဖျက်ဆီးမီးရှို့ဖုံးခွဲ၊ မိုင်းထောင်၊ လူသတ်၊ လုယက်၊ ယုတ်မာ။ အဖျက်သက်သက် သိသိသာသာ ရက်စက်။

ဒါကို ဘယ်လိုဖြေရှင်းဖယ်ရှားကြမလဲ။

ဘာမှမခက်ခဲပါဘူး။ ပြည်သူအများအားလုံးလိုလိုရဲ့ **လက်ထဲမှာပဲ လက်ကိုင်ဖုန်း မီဒီယာလက်နက်ရှိနေပြီကို။**

သတင်းမှန်တွေကို သက်ဆိုင်ရာသို့ သတင်းအချက်အလက်မှန် အမြန်ပို့လိုက်ကြပါ။ **ဒီလောက်ထိရောက်ကြီးမားတဲ့ စွမ်းအားမျိုး ဘယ်မှာမှ မရှိပါ။**

**၁။ အချက်အလက်တိကျအောင် စုံစမ်းပြီးရေးမယ်** (အချိန်၊ နေရာ၊ ဖြစ်စဉ်၊ ဘယ်သူ ဘယ်ဝါ၊ ဘာကြောင့်၊ ဘယ်လိုဆိုတဲ့ ခြောက်ချက်ပါစေရမယ်)။

**၂။ ရှင်းရှင်းလင်းလင်းရေးပါ။**

**၃။ ကျစ်ကျစ်လျစ်လျစ်ရေးပါ။**

**၄။ မှန်ကန်တာပဲရေးပါ** (မဟုတ်မမှန်မပါစေရ)။

**၅။ ရှေ့နောက်အစီအစဉ် ညီညွတ်ရပါမယ်။**

**၆။ ရိုးသားဖြောင့်မတ်ရပါမယ်။**

**၇။ ရိုးရိုးရှင်းရှင်း၊ ရေးတတ်သလိုရေးပါ၊ ရပါတယ်** (ဝါကျတိုတိုလေးတွေ ရေးရင် လွယ်ပါတယ်)။

ရန်စွယ်အန္တရာယ်က စကားတွေ၊ စာတွေနဲ့ ဖျက်ဆီးလာခဲ့တာကို စာနဲ့၊ စကားနဲ့၊ လက်ကိုင်ဖုန်းနဲ့ တန်ပြန်ချေမှုန်းလိုက်ရင် လွယ်လွယ်လေးပဲ ဖြေရှင်းကျော်နင်းအောင်မြင်ခြင်းကို တွေ့ရပါလိမ့်မယ်။

❖ မမှန်တဲ့စကား၊ မသမာတဲ့စကား၊ မဟုတ်တဲ့စကား၊ လူတစ်ဖက်သားကို မဟုတ်မမှန် ပုတ်ခတ်ထိပါးတဲ့၊ ထိခိုက်နစ်နာစေတဲ့ စကားမျိုးကို မပြောသင့်ပါ။ မဆိုထိုက်ပေ။ မုသာဝါဒဆိုတဲ့အထဲမှာ မဟုတ်မမှန်စကား၊ ယုတ်ညံ့တဲ့စကား၊ ရိုင်းစိုင်းတဲ့စကား၊ အနှစ်မရှိတဲ့စကား၊ နားဝင်ခါးစေတဲ့၊ အမှတ်ယူမှားစေတဲ့၊ ပုတ်ခတ်ထိပါးတဲ့ စကားမျိုးတွေက မပြောအပ်ပါဘူး။ ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော်ကာလဆီလောက်ကတည်းက လိုက်နာကျင့်သုံးခဲ့ကြတဲ့ တိုင်းကြီးပြည်ကြီးသား၊ နိုင်ငံကြီးသား၊ ယဉ်ကျေးမှုဖွံ့ဖြိုးတဲ့လူ့အဖွဲ့အစည်းထဲက လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးကြရတဲ့ ယဉ်ကျေးမှု လူ့ကျင့်ဝတ်ပဲမဟုတ်လား။ ❖

# ကြိုတင်ကာကွယ် ဆယ်ကျော်သက်အဝေးမှုန်အန္တရာယ်


**ပြည့်အောင်(COA)**

ဆေးကုသမှုနယ်ပယ်၌ လူနာများခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းလျက် ချမ်းသာရာရစေရန်၊ ဆေးပညာရှင်အသီးသီးက ကုသနည်းအမျိုးမျိုးကို စူးစမ်းလေ့လာ၍ ကျင့်သုံးကြရသည်။ ထိုသို့သော ကုသနည်းများအနက် အကောင်းဆုံးနည်းစနစ်ဖြစ်သည့် ရောဂါမဖြစ်မီက ကြိုတင်ကာကွယ်ကာ ချမ်းသာရာရစေသောနည်းများကို ပိုမိုလေ့လာကျင့်သုံးကြသည်ကို တွေ့မြင်ကြရသည်။ အထူးသဖြင့် အဖြစ်များသော ရောဂါများကို မဖြစ်မီက ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဦးစားပေးလေ့လာကြသည်။

မျက်စိကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း ပညာရှင်အသီးသီးက နယ်ပယ်စုံတွင်ဖြန့်ကြက်လေ့လာရာမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ထားသော စာတမ်းများတွင် မျက်မှန်တပ်ရန် လိုအပ်ချက်ရှိလာသော မျက်စိမှုန်ခြင်း(Refractive Error)သည် ယနေ့လူငယ်များတွင် အဖြစ်များသောမျက်စိပြဿနာဖြစ်ကြောင်း ဖော်ပြကြသည်။

အရှေ့အာရှရှိ ကလေးများ၌ အဝေးမှုန်ဖြစ်လာကြသည့်နှုန်းထားသည် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းရှိလာပြီး ဥရောပနှင့် အမေရိကန်နိုင်ငံတွင် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအတွင်း ရှိလာပြီဖြစ်ကြောင်း အမြင်စွမ်းရည်ဆိုင်ရာ စောင့်ကြည့်လေ့လာသူ ပညာရှင်များက (The journal JAMA-Ophthalmology)တွင် ဖော်ပြထားသည်။ ၎င်းနှုန်းထားသည် စိုးရိမ်ဖွယ်ရာ အခြေအနေတွင်ရှိပြီး အဝေးမှုန်တားဆီးရေးအတွက် နည်းလမ်းရှာဖွေ၍ ကြိုးပမ်းကြရန်လည်း တိုက်တွန်းထားသည်။ သက်ကြီးမျက်စိမှုန်ခြင်းနှင့် မွေးရာပါမျက်စိမှုန်ခြင်း မဟုတ်သည့် ဆယ်ကျော်သက်လူငယ်များတွင် အဖြစ်များသော ၎င်းပြဿနာကို ကြိုတင်ကာကွယ်ရန် တိကျသေချာသောနည်းလမ်းကို ရှာဖွေနေကြဆဲဖြစ်သော်လည်း အလေ့အကျင့်တစ်ခုကို ကာယကံရှင်ကိုယ်တိုင်နှင့် မိဘများက သတိထားလေ့ကျင့်ပေးခြင်းဖြင့် မဖြစ်ပွားအောင် အတိုင်းအတာတစ်ခုထိ ကာကွယ်နိုင်မည်ဖြစ်သည်။

ထိုသို့ ကြိုတင်ကာကွယ်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် အခြေခံဗဟုသုတအဖြစ် အဝေး၊ အနီးရှိ အရာဝတ္ထုပုံရိပ်များကို ကြည်ကြည်လင်လင် မြင်နိုင်စေရန်အတွက် ဖန်တီးပေးသော မျက်စိအတွင်းဘက်ရှိ အင်္ဂါအစိတ်အပိုင်းတစ်ခု၏ အလုပ်လုပ်ပုံကိုလည်း ယေဘုယျအားဖြင့် သိထားသင့်ပါသည်။





**ဆီလီယာရီမာဆယ် အလုပ်လုပ်ပုံ**

အထက်ဖော်ပြပါပုံများကို အနည်းငယ်လေ့လာကြည့်ပါ။ ပုံများ၏အလယ်ဗဟိုရှိ အပိုင်းသည် မျက်စိအတွင်းရှိမှန်ဘီလူးဖြစ်ပြီး အပြင်ဘက်အဝိုင်းသည် ကြွက်သားဝိုင်းတစ်ခုဖြစ်၏။ ၎င်းတို့နှစ်ခုကို ဆံခြည်မျှင်ကြွက်သားများဖြင့် ဆိုင်းထားသည်ကို တွေ့ကြရမည်။ အောက်ပုံနှစ်ပုံသည် အထက်ပုံနှစ်ပုံ၏ ဘေးတိုက်မြင်ရသောပုံဖြစ်ပြီး အပြင်ကြွက်သားဝိုင်းနှင့် ဆံခြည်မျှင်ကြွက်သားတို့ တင်းခြင်း၊ လျော့ခြင်းပြုမှုကြောင့် မျက်စိတွင်းရှိ မှန်ဘီလူး ပါးခြင်း၊ ထူခြင်း ဖြစ်ပေါ်လာပုံကို သရုပ်ပြသည်။ ထိုကဲ့သို့ မှန်ဘီလူးကို အထူ၊ အပါးပြောင်းလဲစေခြင်းဖြင့် အနီး၊ အဝေး ပြောင်းလဲနေသော အရာဝတ္ထုပုံရိပ်တို့ကို ချိန်ဆနိုင်ပြီး ကြည်လင်သောအမြင်ကို ရကြခြင်းဖြစ်သည်။

အသက်ကြီးရင့်မှုကြောင့် ခန္ဓာကိုယ်ရှိကြွက်သားများ၏လှုပ်ရှားမှုများ နှေးကွေးလာသကဲ့သို့ ပုံတွင်မြင်ရသည့် မျက်စိ၏အပြင်ကြွက်သားဝိုင်းလည်း ပြောင်းလဲမှုပြုရာတွင် နှေးကွေးသွားသောကြောင့် မျက်စိ၏ မှန်ဘီလူးသည် အထူ၊ အပါးခြားနားမှုနည်းသွားပြီး သက်ကြီးအနီးမှုန်ဖြစ်ရ၏။ အနီးကြည့်မျက်မှန်တပ်မှ စာဖတ် (အနီးကြည့်)ရာတွင် ကြည်ကြည်လင်လင် မြင်ရမည်ဖြစ်၏။ ဆယ်ကျော်သက်အရွယ်လူငယ်အများစု အဝေးမှုန်လာရခြင်းအကြောင်းရင်းတွင်လည်း အထက်ဖော်ပြပါ မျက်စိကြွက်သားများနှင့် မှန်ဘီလူးတို့၏ အနီးအဝေးအပြောင်းအလဲချိန်ဆနိုင်မှု အားနည်းသွားသောကြောင့်ပင်ဖြစ်သည်။ သက်ကြီးအနီးမှုန်သည် အသက်အရွယ်ကြောင့်ဖြစ်ပြီး ဆယ်ကျော်သက်အဝေးမှုန်သည် မှားယွင်းသောအလေ့အကျင့်ကြောင့်ဖြစ်ကြောင်း Kellogg Eye Center မှ The study's lead author and a resident physician ဖြစ်သူ MD, ဆိုဖီယာ Y ဝမ်းက ဆိုသည်။

ဆယ်ကျော်သက် အဝေးမှုန်ဖြစ်သူများသည် အခန်းတွင်းအနေများသူများနှင့် အနီးကြည့်အသုံးများသူများဖြစ်ကြပြီး ကလေးဘဝနှင့် ဆယ်ကျော်သက်ဘဝအစ(ကိုးနှစ်၊ ၁၀ နှစ်ခန့်)တွင် ၎င်းအလေ့အကျင့်အတိုင်း နေထိုင်ခဲ့ကြသူများဖြစ်သည်။ မျက်စိတဆုံးအဝေးကြည့်ရန်ကို မေ့လျော့နေတတ်သူများဖြစ်ကြပြီး စာရေးခြင်း၊ စာဖတ်ခြင်း၊ ပုံဆွဲခြင်း (ယနေ့ခေတ်စမတ်ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာ စသည်တို့ သုံးစွဲခြင်း)ကဲ့သို့ အနီးကြည့်အလုပ်တစ်ခုခုကို လုပ်နေရင်းကျေနပ်နေကြသူများဖြစ်သည်။ မိဘများကလည်း ထိုသို့နေတတ်သော ကလေးများကို နှစ်သက်ကြပြီး အဝေးကြည့်ရန်၊ အပြင်ထွက်ရန် တိုက်တွန်းမှုမရှိချေ။

မွေးရာပါအဝေးမှုန်သူများသည် မွေးရာပါမျက်လုံး (Eye Ball)ရှည်နေခြင်း သို့မဟုတ် ကြီးနေခြင်းနှင့် မျက်လုံးတိုနေခြင်း သို့မဟုတ် မျက်လုံးသေးနေခြင်းများကြောင့် အမြင်အလျှားတိုခြင်း(Nearsightedne-ss)နှင့် အမြင်အလျှားရှည်ခြင်း(Farsightedness) တို့ဖြစ်နေ၍ အဝေးမှုန်ပြီး မျက်မှန်တပ်ရန်လိုအပ်ရခြင်းဖြစ်သည်။ အောက်ဖော်ပြပါ သရုပ်ဖော်ပုံများကို လေ့လာပါက သိနိုင်သည်။




**ပုံမှန်မျက်စိ၊ အမြင်အလျှားတိုနှင့် အမြင်အလျှားရှည်မျက်စိတို့၏ သရုပ်ဖော်ပုံ**

အပေါ်ဆုံးပုံသည် ပုံမှန်သဘာဝအတိုင်းဖြစ်သော မျက်စိ၏ အမြင်အလျှားဖြစ်ပြီး ပုံရိပ်သည်မြင်လွှာ၌ တစ်ထပ်တည်းကျသည်။ လက်ဝဲဘက်အောက်ပုံသည် အမြင်အလျှားတိုပြီး မြင်လွှာ၏ရှေ့တွင်စော၍ ပုံရိပ်ကျရောက်သောကြောင့် အဝေးမှုန်ခြင်းဖြစ်၏။ ထို့နည်းတူ လက်ယာဘက်အောက်ပုံသည် အမြင် အလျှားရှည်၍ မြင်လွှာကိုကျော်လွန်ကာ ပုံရိပ်ကျရောက်သောကြောင့် အဝေးမှုန်ခြင်းဖြစ်သည်။ ထိုအခြေအနေသည် မွေးရာပါ ဖြစ်သောကြောင့် ကာကွယ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း တစ်စုံတစ်ရာပြုလုပ်၍ရမည် မဟုတ်ဘဲ အရှိအတိုင်းသာ လက်ခံကြရမည်ဖြစ်သည်။

ဖြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိသောနိုင်ငံများတွင် ကျောင်းနေအရွယ် ကလေးငယ်များကို အထွေထွေကျန်းမာရေးစစ်ဆေးပြီး ကလေးဘဝကပင် ကုသမှုများပေးသကဲ့သို့ မျက်စိကျန်းမာရေးကိုလည်း စစ်ဆေးပေးကာ မျက်မှန်လိုအပ်သော မွေးရာပါအဝေးမှုန် ကလေးများကို မျက်မှန်တပ်စေခြင်းဖြင့် အများနည်းတူကြည်လင်သော အမြင်အာရုံကို ရရှိကြမည်ဖြစ်သည်။

ဆယ်ကျော်သက်အဝေးမှုန်သူများမှာမူ ၎င်းတို့နှင့်မတူဘဲ မှားယွင်းသော အလေ့အကျင့်များကြောင့် အဝေးမှုန်ရခြင်းဖြစ်ကြောင်း ပညာရှင်များက ယုံကြည်လာကြသည်။ မြင့်တက်လာလျက်ရှိသော နှုန်းထားကို တားဆီးရေးအတွက် ကမ္ဘာ့အတိုင်းအတာဖြင့် ပညာရှင်အသီးသီးက သုတေသနပြုလုပ်ပြီး အကြံပြုချက်များ ထုတ်ပြန်ခဲ့ကြသည်။ မျက်စိကုသမှုနယ်ပယ်၌ လေဆာရောင်ခြည်အမျိုးအစား(Excimer Laser) တစ်မျိုးကိုအသုံးပြု၍ LASIK(Laser in Situ Intrastomal Keratomileusis) နည်းပညာဖြင့် အထက်ဖော်ပြ အဝေးမှုန်ခြင်းများကို ကုသမှုပေးနိုင်သော်လည်း မဖြစ်ပွားအောင် ဟန့်တားသည့် နည်းစနစ်များကိုမူ ပြည့်ပြည့်စုံစုံ မတွေ့ရှိကြသေးသောကြောင့် ပညာရပ်ဆိုင်ရာ သုတေသီများက ကြိုးစားရှာဖွေနေကြသည်။

ကြိုတင်ကာကွယ်ရေး အကြံပြုချက်များအဖြစ် နံရံပိတ်အခန်းများတွင် နေထိုင်ချိန်ကိုလျှော့ချ၍ အဆောက်အအုံများ၏ပြင်ပတွင် သဘာဝအလင်းရောင်ဖြင့် နေထိုင်ချိန်ကို တိုးမြှင့်သင့်ကြောင်း အကြံပြုချက်၊ 20/20/20 အကြံပြုချက်၊ One lecture period အကြံပြုချက်နှင့် 12"-14" အကြံပြုချက်တို့သည် လူသိများပြီး ထင်ရှားသည်။

20/20/20 အယူအဆမှာ အနီးကြည့် အလုပ်လုပ်ချိန် မိနစ် ၂၀ ကြာပြီးတိုင်း ပေ ၂၀ အကွာအဝေးရှိ အရာဝတ္ထုပုံရိပ်တို့ကို စက္ကန့် ၂၀ မျှကြည့်သင့်ကြောင်း အကြံပြုချက်ဖြစ်သည်။ ထိုသို့ကြည့်ရှုနိုင်ရန်အတွက် အလုပ်ခန်း၊ အိမ်ခန်းတို့၏ နံရံတွင်ဓာတ်ပုံ၊ ပန်းချီကား စသည်တို့ကိုချိတ်ဆွဲထားရှိခြင်း၊ အခန်းထောင့်နှင့် စားပွဲပေါ်တို့တွင် သစ်ပင်ငယ်များ ပန်းပင်ပန်းအိုးများ၊ ပန်းပုလက်ရာများ ထားရှိခြင်းဖြင့် အထောက်အပံ့ရစေမည်ဖြစ်ကြောင်း ဆိုသည်။

One lecture period အယူအဆကို အကြံပြုသူတို့က 20/20/20 အယူအဆ၏ အကြံပြုချက်များကို လက်ခံသော်လည်း မိနစ် ၂၀ အချိန်ကို စောဒက တက်ကြပြီး စာသင်ချိန်တစ်ချိန်၏ ကြာမြင့်ချိန်ကဲ့သို့ ၄၅ မိနစ်မျှ သတ်မှတ်သင့်ကြောင်း၊ မိနစ် ၂၀ အချိန်သည် နည်းလွန်းကြောင်းဆိုသည်။ စာရေးစာဖတ်ပြုရာတွင်လည်းကောင်း၊ အိုင်တီဒီဗိုက်စ်များကိုအသုံးပြုရာတွင်လည်းကောင်း မျက်နှာနှင့်ကပ်၍ မကြည့်သင့်ကြောင်း၊ ၁၂ လက်မနှင့် ၁၄ လက်မ အကွာအဝေးအတွင်းထား၍ ကြည့်ခြင်းသည် အကောင်းဆုံးအကွာအဝေးပင်ဖြစ်ကြောင်း အကြံပြုချက်(12"-14" အယူအဆ)ကိုမူ အားလုံးက လက်ခံကြသည်။

အချုပ်အားဖြင့်ဆိုရပါမူ မွေးရာပါမဟုတ်သော ဆယ်ကျော်သက်အရွယ် အဝေးမှုန်ခြင်းသည် ကလေးဘဝ(မူလတန်းကျောင်းသားအရွယ်)မှစတင်ကာ အခြေပြုလာသည်။ ကလေး၏ အမူအကျင့်များက အဓိကကျသည်။ ကလေးကို မိဘများက ဂရုတစိုက်စောင့်ကြည့်လျက် မှားယွင်းသောအမူအကျင့်များကို ပြုပြင်ပေးခြင်းသည်သာ ထိရောက်သောကာကွယ်မှုဖြစ်ကြောင်း သတိမူကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့ရင်သွေးများ၏ ဘဝအတွက်အရေးပါလှသော အရွယ်ဖြစ်သည့် ဆယ်ကျော်သက်အရွယ်တွင် အဝေးမှုန်ခြင်းမဖြစ်စေရန်အတွက် အထက်ပါအကြံပြုချက်များကိုလေ့လာပြီး ဂရုတစိုက် စောင့်ကြည့်ပြုပြင်ပေးသင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

**ကိုးကား**

**The journal JAMA Ophthalmology မှ Randy Dotinga ၏ Can Time Outdoors Reduce Nearsightedness?**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့် ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့်သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပဲခူးမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဘန့်ဘွေးကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘန့်ဘွေးကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်လဲ့လဲ့ဝင်းက လိုအပ်သည်များ မှာကြားခဲ့သည်။

ဘန့်ဘွေးကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၅၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် သြဂုတ်လပထမပတ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင်(၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။








**ပျောက်ဆုံးကြောင်း**

ကျောင်းကုန်းမြို့နေ အောင်နိုင်ထွန်း (ဘ) ဦးရင်သန်း (၁၄/ကကန(နိုင်)၁၄၇၅၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ၀၉-၆၈၈၂၄၆၆၂၃

**ပျောက်ဆုံးကြောင်း**

လေးမျက်နှာမြို့နေ အောင်ငြိမ်းထက် (ဘ) ဦးပြုံးချို (၁၄/လမန(နိုင်)၁၂၀၅၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ၀၉-၄၅၉၀၅၃၀၂၁

**ပျောက်ဆုံးကြောင်း**

ဟိုင်းကြီးကျွန်းမြို့နေ နိုင်းလင်းဇော် (ဘ) ဦးတင်အေး (၁၄/ဟကက(နိုင်)၀၄၇၅၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၂၂၁၉၆၇၆

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ ကျော်ဆန်းဦး (ဘ) ဦးသန်းထွန်း (၁၄/ပသန(နိုင်)၂၃၉၉၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၄၄၇၅၆

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နေ နမ့်ငြိမ်းငြိမ်းအိ (ဘ) ဦးသန့်ဇင် (၁၄/ပတန(နိုင်)၂၅၃၉၂၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ၀၉-၆၆၉၄၈၆၅၇၈

**ပျောက်ဆုံးကြောင်း**

လေးမျက်နှာမြို့နေ ရဲကျော်စိုး(ဘ) ဦးပြုံးချို (၁၄/လမန(နိုင်)၀၈၄၇၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၄၆၈၀၄၀၆

**ပျောက်ဆုံးကြောင်း**

ဟိုင်းကြီးကျွန်းမြို့နေ ကျော်ဟိန်း (ဘ) ဦးကျော်ဝင်း (၁၄/ဟကက (နိုင်)(၀၄၁၃၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၂၅၈၂၂၆၄

**ပျောက်ဆုံးကြောင်း**

ဟိုင်းကြီးကျွန်းမြို့နေ သက်နိုင်ဦး (ဘ) ဦးသက်ဝင်း(၁၄/ဟကက(နိုင်)(၀၁၈၄၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ၀၉-၆၇၁၁၇၂၇၄၀

**ပျောက်ဆုံးကြောင်း**

ရေကြည်မြို့နေ မျိုးကျော်ကျော် (ဘ)ဦးတင်ဝေ (၁၄/ရကန(နိုင်)၁၃၀၇၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၄၇၇၃၈၅၅

**ပျောက်ဆုံးကြောင်း**

ရေကြည်မြို့နေ ကိုကိုချစ် (ဘ) ဦးမောင်ဖန် (၁၄/ရကန(နိုင်)၁၇၇၃၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၃၀၉၇၇၃

**ပျောက်ဆုံးကြောင်း**

ပြင်ဦးလွင်မြို့နေ အောင်စိုးလင်း (ဘ) ဦးဇော်လတ် (၉/ပဥလ(နိုင်)၀၉၃၁၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

**ပျောက်ဆုံးကြောင်း**

ပျော်ဘွယ်မြို့နေ မောင်စိုး (ဘ) ဦးမြဆောင် (၉/ပဘန(နိုင်)၁၃၃၃၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၀၅၂၄၃

**ပျောက်ဆုံးကြောင်း**

ပျော်ဘွယ်မြို့နေ အောင်ဇော် (ဘ) ဦးကျော်မြင့် (၉/ပဘန(နိုင်)၁၅၆၄၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၀၅၂၄၃

**ပျောက်ဆုံးကြောင်း**

အောင်မြေသာစံမြို့နယ်နေ သူဇာကျော် (ဘ) ဦးမန်းဗဟာဒူး (၉/အမဇ(နိုင်)၀၈၆၆၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့နေ အောင်သန်းထွန်း (ဘ) ဦးငွေးဝင်း (၉/ကပတ(နိုင်)၂၀၅၄၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အများသိစေရန် ကြေညာခြင်း**

ကျွန်တော်များ Dotehtawaddy Phoenix Trading Company မှ Company များ အခွန်ဆောင်ရန်အလို့ငှာ MACCS ID 100162619320 (Date 4-12-2020) ID မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူမည်ဖြစ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ထုတ်သွင်းဌာန အကောက်ခွန်များဦးစီးဌာန ရန်ကုန်သို့ လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုညီညီဇော်(CEO)
ဖုန်း ၀၉-၅၁၇၇၉၆၀

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကိုလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာဒေသနဲ့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာသို့ ပို့ကုန်များတိုးတက်တင်ပို့လျက်ရှိ



**ရန်ကုန် အောက်တိုဘာ ၁၇**

ယခုလမှစ၍ မုတ်သုံရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီသို့ စတင်ဝင်ရောက်ပြီဖြစ်သဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီး ပို့ကုန်များ တိုးတက်တင်ပို့လျက်ရှိနေကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်း၌ ယနေ့ဆိုက်ကပ်ထားသည့်သင်္ဘောများမှာ ကုန်သေတ္တာတင်သင်္ဘော နှစ်စီး၊ အထွေထွေကုန်စည်တင်သင်္ဘော ၁၅ စီး၊ စက်သုံးဆီသင်္ဘော ငါးစီးနှင့် စားသုံးဆီသင်္ဘော တစ်စီးတို့ ပါဝင်ပြီး စုစုပေါင်းသင်္ဘော ၂၃ စီး ဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကုန်သေတ္တာတင်သင်္ဘောများဖြင့် ဓာတ်မြေဩဇာအမျိုးမျိုး၊ အထည်အလိပ်၊ ဆေးနှင့် ဆေးပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ စက်နှင့်ဆက်စပ်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း၊ ကော်စေးစသည်တို့တင်သွင်းပြီး ရေထွက်ကုန်၊ ချုပ်ပြီးအဝတ်အထည်၊ ကောက်ပဲသီးနှံထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရော်ဘာတို့ကို တင်ပို့လျက်ရှိရာ ယခုအောက်တိုဘာလတွင် ဝင်ရောက်ရန် လျာထားသည့်ကုန်သေတ္တာတင်သင်္ဘောများအနက် ယနေ့အထိ သင်္ဘောအစီးရေ ၅၅ ရာခိုင်နှုန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မြန်မာ့ပို့ကုန် ဆန်နှင့် လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို

**စာမျက်နှာ ၁၉ ကော်လံ ၄ ☆**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၁၀-၂၀၂၂

| | |
|---|---|
| **ကော့သောင်း** | **၃ ဒသမ ၇၀ လက်မ** |
| **သံတွဲ** | **၂ ဒသမ ၃၂ လက်မ** |
| **ကျောက်ပန်းတောင်း** | **၂ ဒသမ ၀၅ လက်မ** |
| **ဆိပ်သာ** | **၁ ဒသမ ၇၇ လက်မ** |

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။**

## မွေးရာပါ အူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် ကလေးငယ်ကို စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် အောင်မြင်စွာခွဲစိတ်ကုသမှုဆောင်ရွက်ပေးခဲ့

**နေပြည်တော် အောက်တိုဘာ ၁၇**

မွေးရာပါ အူများဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် (Gastroschisis with preterm low birth weight)အသက် လေးရက်သား မွေးကင်းစမိန်းကလေး Baby နန်းမွေဖောင်ကို စက်တင်ဘာ ၃၀ ရက်တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ပါမောက္ခ (ခွဲစိတ်) ဒေါက်တာအောင်ခိုင်ဇံ၊ လက်ထောက်ဆရာဝန် ဒေါက်တာထက်အောင်ကျော်နှင့် ပါမောက္ခ(မေ့ဆေး) ဒေါက်တာဖုန်းမြင့်တို့ဦးဆောင်သောအဖွဲ့က အူများကို ဝမ်းဗိုက်အတွင်း ပြန်လည်ထည့်သွင်းပေးသည့် ခွဲစိတ်ကုသမှု (Primary Closure)ကို အောင်မြင်စွာဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ ☐**



**မွေးရာပါ အူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိခဲ့သည့် အသက် လေးရက်သား မွေးကင်းစ မိန်းကလေး Baby နန်းမွေဖောင်ကို ခွဲစိတ်ကုသမှုခံယူအပြီးတွင် တွေ့မြင်ရစဉ်။**

